# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၃၈)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ ၃-၈-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

MSMEs လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာများကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။

## အာရှသိပ္ပံ စခန်းချနေထိုင်ခြင်းအစီအစဉ်သို့ မြန်မာနိုင်ငံမှ ကျောင်းသား နှစ်ဦးနှင့် ကျောင်းသူ သုံးဦး တက်ရောက်ခွင့်ရရှိ

ရန်ကုန် ဩဂုတ် ၂

တရုတ်နိုင်ငံ ဟောင်ကောင်တက္ကသိုလ်၌ ဩဂုတ် ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၁၆) ကြိမ်မြောက် အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ် (Asian Science Camp 2026) သို့ မြန်မာနိုင်ငံမှ ကျောင်းသား နှစ်ဦးနှင့် ကျောင်းသူ သုံးဦးတို့ တက်ရောက်ခွင့် ရရှိကြသည်။

အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ်ကို ၂၀၀၇ ခုနှစ်မှ စတင်ခဲ့ပြီး ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ အစ္စရေး၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်စသော အာရှတိုက်တွင်း နိုင်ငံများတွင် နှစ်စဉ်ကျင်းပခဲ့သည်။ စာမျက်နှာ ၃ သို့ ❖




## ဝါစိုက်ခင်းများအား စုပေါင်းဝါကောက်သိမ်းခြင်း တောင်သူနည်းပညာပေးကွင်းသရုပ်ပြ

ကျောက်ဆည် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ မြစ်သားမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့မှ ဝါစိုက်တောင်သူများအား ဖိတ်ကြား၍ ယမန်နေ့ နံနက်ပိုင်းက တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်မည့် နည်းစနစ်များဖြင့် စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ် ဝါစိုက်ခင်းတွင် စုပေါင်းဝါကောက်သိမ်းခြင်း တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် လွန်ကျော်ခြံတာဝန်ခံ ဒေါက်တာအေးအေးမြတ်က တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်မည့်နည်းစနစ်များဖြင့် စိုက်ပျိုးထားသည့် ချည်မျှင်ရှည်ဝါ စိုက်ခင်းအား ရွှေတောင်-၁၀ ဝါမျိုးဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးကြိုရာသီ၌ ၁၀ ဧက စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရာ၌ ပင်ကျပ်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ အပင်ကြီးထွားမှုထိန်းညှိဆေး၊ ထိန်းချုပ်ဆေးများ အသုံးပြု၍ ဓာတ်မြေဩဇာများအား လိုအပ်သည့်အချိန်၌ အချိုးကျသုံးစွဲခြင်း စသည့် နည်းစနစ်သုံးမျိုးဖြင့် စိုက်ပျိုးထားခြင်းဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝါသီးနှံသည် အကြိမ်ကြိမ်ခွဲ၍ ကောက်သိမ်းရသော သီးနှံဖြစ်ပြီး ယနေ့အချိန်၌ ဝါစိုက်တောင်သူများအတွက် လုပ်သားစရိတ်နှင့် လုပ်သားရှားပါးမှု ပြဿနာများကြုံတွေ့နေရကြောင်း၊ ဝါကောက်စရိတ်များပြားလာခြင်းနှင့် အကြိမ်ကြိမ် ဝါကောက် သိမ်းခြင်းရခြင်းကြောင့် အကျိုးအမြတ်နည်းနိုင်ကြောင်း၊ တစ်ကြိမ်တည်းဖြင့် ဝါကောက်သိမ်းနိုင်သည့် နည်းစနစ်ဖြင့် စိုက်ပျိုးပါက လုပ်သားစရိတ် လျှော့ချနိုင်ပြီး အကျိုးအမြတ် ပိုမိုရရှိနိုင်ကြောင်း၊

စာမျက်နှာ ၃ သို့ ◆



## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ဒေသတွင်း ကော်ဖီပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် ဗီယက်နမ်နိုင်ငံ ကော်ဖီသုတေသနဌာနတို့ ဆွေးနွေး

ရန်ကုန် ဩဂုတ် ၂

ဒေသတွင်း ကော်ဖီပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် မြန်မာနိုင်ငံ ကော်ဖီအသင်း(MCA)နှင့် ဗီယက်နမ်နိုင်ငံ ကော်ဖီသုတေသနဌာနတို့ ဇူလိုင် ၃၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

စာမျက်နှာ ၃ သို့ ✳



## ဧဝန်မြစ်ရေကာတာ ကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုကြောင့် ဧဝန်မြစ်ရေကာတာ ကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ် ရပ်ကွက်(၅)ခု မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၄၅ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စာမျက်နှာ ၃ သို့ ❑



## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဩဂုတ် ၂

ဩဂုတ် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ တနင်္လာနေ့။

## ရန်ကုန်-ပြည်-ရန်ကုန် DEMU ရထားပြေးဆွဲပေးလျက်ရှိ

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်ကို ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာဖြင့် သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရေး ဝန်ဆောင်မှုတိုးမြှင့်ပေးရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မေ ၁ ရက်တွင် ရန်ကုန်-မန္တလေး အသွားအပြန်ခရီးစဉ်၊ ဇူလိုင် ၁ ရက်တွင် ရန်ကုန်-မော်လမြိုင် ခရီးစဉ်တို့ကို ခေတ်မီလေအေးပေးစက်ပါ DEMU ရထားများဖြင့်လည်းကောင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၏ မြစ်ကြီးနား-မိုးညှင်းခရီးစဉ်ကို ဇူလိုင် ၂၁ ရက်တွင် ဒီဇယ်လျှပ်စစ်ရထားများဖြင့်လည်းကောင်း ပြန်လည်ပြေးဆွဲနိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ပြောကြားခဲ့သည်။ ရန်ကုန်-ပြည်ရထားလမ်းပိုင်း၌ အမှတ်(၇၃) အဆန်၊ အမှတ်(၇၄) အစုန်ရထားအား DEMU ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ဇူလိုင် ၃၁ ရက်နံနက်ပိုင်းတွင် ရန်ကုန်ဘူတာကြီးအမှတ်(၁) စင်္ကြံတွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အမှာစကားပြောကြားစဉ် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် ပထမဆုံးရထားပြေးဆွဲခဲ့သည့် ရထားလမ်းပိုင်းဖြစ်သောကြောင့် ထူးခြားဂုဏ်ယူဖွယ်ရာကောင်းသောနေ့ တစ်နေ့ဖြစ်သည်။ မြန်မာ့မီးရထားလုပ်ငန်းသည် မဟာဗျူဟာအရ အရေးကြီးသော Public Transportation လုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်များတိုးချဲ့ပြီး ဈေးနှုန်းသက်သာစွာဖြင့် ပို့ဆောင်နိုင်ရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်သမ္မတက ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းများ၊ ကားလမ်းများ၊ တံတားများနှင့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ပြုပြင်ခြင်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရန် အလေးအနက်ထား လမ်းညွှန်မှုပြုထားသည်။

ထို့ပြင် ရန်ကုန်-ပြည်ခရီးစဉ်အဖြစ် စတင်ပြေးဆွဲမည့် အမှတ်(၇၃) အဆန် ခေတ်မီ DEMU ရထားတွဲဆိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ စတင်ထွက်ခွာမည့် စက်ခေါင်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ ရထားပေါ်တွင် လိုက်ပါလာသည့် ခရီးသွားပြည်သူများအား အမှတ်တရလက်ဆောင်ပေးအပ်ခြင်းများ ဆောင်ရွက်ကာ နံနက် ၅ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးမှ ပြည်သို့ထွက်ခွာမည့် အမှတ်(၇၃) အဆန် DEMU ရထားအား ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ်၍ ရထားထွက်ခွာခွင့်ကို ခွင့်ပြုပေးခဲ့သည်။ ဒုတိယဝန်ကြီး ဦးအောင်မြင့်နှင့်အဖွဲ့က ပြည်အထိ ခရီးသွားမိဘပြည်သူများနှင့်အတူ လိုက်ပါစီးနင်းခဲ့ပြီး ရထားခရီးစဉ်တစ်လျှောက် ရပ်နားသည့် ဘူတာများတွင် ပြည်သူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ပြည်ဘူတာသို့ ရောက်ရှိကြပြီး ပြည်ဘူတာအမှတ်(၁) စင်္ကြံတွင် အမှတ်(၇၄) အစုန် ပြည်-ရန်ကုန်ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်သို့ စီးနင်းလိုက်ပါမည့် ခရီးသည်များအား လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

စတင်ပြေးဆွဲခဲ့သည့် ရန်ကုန်-ပြည်-ရန်ကုန် DEMU ရထားများသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် နံနက် ၅ နာရီခွဲတွင် ထွက်ခွာ၍ ပြည်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ပြည်ဘူတာမှ မွန်းလွဲ ၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ ည ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကာ စုစုပေါင်းပြေးဆွဲချိန်မှာ ၆ နာရီခန့်သာ ကြာမြင့်မည်ဖြစ်ကြောင်း၊ ရန်ကုန်-ပြည်-ရန်ကုန်ကို နေ့ချင်းပြန် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သီးနှံစုံ ၃၃၃၈ ဧကထိ ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောသီးနှံစုံ ၃၃၃၈ ဧကအထိ ရိတ်သိမ်းပြီးစီးပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံပို လျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီး ဟင်းရွက်သီးနှံ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေစားသုံးသီးနှံများစသည့် မိုးသီးနှံစုံ ၁၃၇၉၈၇ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်ထိ မြေပြင်စိုက်ပျိုးပြီးစီးမှု ၉၁၂၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးထားသော မိုးသီးနှံစိုက်ခင်းများကို ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် သီးနှံစုံ ၃၃၃၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီးဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မိုးသီးနှံစိုက်ဧက ၁၃၇၉၈၇ ဧက လျာထား စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ဒီနေ့ထိ ၉၁၂၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးသီးနှံစိုက်ခင်းများတွင် ဆောလျင်စွာ စိုက်ပျိုးနိုင်ခဲ့တဲ့ ပဲတီစိမ်းစိုက်ခင်းနဲ့ ငှက်ပျောစိုက်ခင်းများကို ဇူလိုင်လကစပြီး ရိတ်သိမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီနေ့ထိ ပဲတီစိမ်း ဧက ၃၂၈၀ နဲ့ ငှက်ပျော ၅၈ ဧက၊ စုစုပေါင်း သီးနှံစုံဧက ၃၃၃၈ ဧက ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ မိုးသီးနှံတွေ သိမ်းဆည်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းများ လျော့နည်းမှုတွေ မဖြစ်စေရေးအတွက် စနစ်တကျသိမ်းဆည်းကြဖို့၊ အရည်အသွေးကောင်းတဲ့သီးနှံများရရှိဖို့ အမိုး အကာအောက်မှာ စနစ်တကျသိမ်းဆည်းနိုင်ဖို့အတွက် ဒေသခံတောင်သူတွေကိုလည်း အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ရိတ်သိမ်းပြီးစီးသည့် မိုးသီးနှံ စုံ ၃၃၃၈ ဧကတွင် ပဲတီစိမ်း ဧက ၃၂၈၀၊ ငှက်ပျော ၅၈ ဧကတို့ ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ အထွက်နှုန်းအနေဖြင့် ပဲတီစိမ်း တစ်ဧကလျှင် ၁၉ ဒသမ ၁၃ တင်း ထွက်ရှိပြီး ငှက်ပျောတစ်ဧကလျှင် ငှက်ပျောခိုင် ၁၄၃၀ ခိုင် ထွက်ရှိကြောင်း သိရသည်။

(၄၄၅)

o-o-o-o-o

## တတိယအကြိမ်မြောက် Kyokushin Kata Tournament ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂**

အပြည်ပြည်ဆိုင်ရာ Karate Alliance Myanmar (မန္တလေးတိုင်းဒေသကြီး)မှ ဦးဆောင်ကျင်းပသော တတိယအကြိမ်မြောက် Kyokushin Kata Tour nament ပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီက ၈၉(A)လမ်း၊ ၂၂လမ်းနှင့် ၂၃လမ်းကြားရှိ အောင်မြေမန္တလာ အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တတိယအကြိမ်မြောက် ခတပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဒိုအားကစားသမား ၁၇၈ ဦးနှင့် အားကစားဒိုင် ၆၀ ဦးတို့က ကွင်းအတွင်းနေရာယူကြပြီး ကျို့ခ်ရှင်း အဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ထို့နောက် နာယက ဆရာကြီး ဒေါက်တာကောင်းလွန်းက အဖွင့်အမှာစကားပြောကြားပြီး ဆရာကြီးဦးဝင်းကိုက ကျေးဇူးတင်စကား ပြောကြားကြကာ San Dan အဆင့်ခါးပတ်ဖြေဆိုအောင်မြင်ကြသူများအား နာယကဆရာကြီးက ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အားကစားသမား ၁၇၈ ဦးက ပြိုင်ပွဲဝင်ကြကာ ဒိုင် ၆၀ ဦးက အလံထောင်အမှတ်ပေးကြပြီး ပထမဆုရ ၁၇ ဦး၊ ဒုတိယဆု ၁၇ ဦး၊ တတိယဆုရ ၁၇ ဦး စုစုပေါင်းဆုရအားကစားသမား ၅၁ ဦး တို့ကို အားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော်ဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၀၅၃)

o-o-o-o-o

o-o-o

## အကြိမ်(၁၃၀)မြောက် မလွန်ဈေးဆန်လှူအသင်းထောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် မလွန်ဈေးဆန်လှူအသင်းထောက် အကြိမ်(၁၃၀)မြောက် မဟာသံဃိကတဏ္ဍုလ ဒါနဆွမ်းဆန်တော်လောင်းလှူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက အသင်းထောက်ဥက္ကဋ္ဌ ဦးထွန်းခင် နေအိမ်၌ ကျင်းပသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကြသည်။ ဆက်လက်၍ မလွန်ဈေးဆန်လှူအသင်းထောက် နာယက ဦးမောင်ဝင်းက အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးထွန်းခင်က မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးသို့ အကြိမ်(၁၃၀)မြောက် ဆွမ်းဆန်တော်လောင်းလှူနိုင်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အသင်းဝင်များက အကြံပြုတင်ပြကြသည်။ ပုသိမ်ကြီးမြို့နယ် မလွန်ဈေးဆန်လှူအသင်းထောက်ကို နှစ်စဉ် ဆွမ်းဆန်တော်ခွဲဝင် အိတ် ၂၀၀ ကျော်နှင့် အလှူငွေများ လှူဒါန်းကြသည်။ တော်သလင်းဆန်း ၁၁ ရက်တွင် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးသည် စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး သုံးရပ်နှင့် မန္တလေး ၆ မြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်တို့အား ဆွမ်းဆန်တော်များ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၉၁)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်




# တစ်သျှူးငှက်ပျောနှင့် ချည်မျှင်ရှည်ဝါ စံပြစိုက်ကွက်များအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံဝါစိုက်တောင်သူများနှင့် တွေ့ဆုံ

**အထက်မင်းလှ ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် အဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါကာ ယမန်နေ့ မွန်းလွဲပိုင်းက မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာရှိ တစ်သျှူးငှက်ပျောစိုက်ခင်း (ရှင်းလင်းဆောင်)သို့ ရောက်ရှိ၍ မြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းက တစ်သျှူး ငှက်ပျောစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်းပြခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တစ်သျှူး ငှက်ပျောပင်များအား ကွန်ပေါင်း မြေဩဇာကျွေးခြင်း၊ ရေလောင်းခြင်းဆောင်ရွက်ခဲ့ပြီး တစ်သျှူးငှက်ပျောစိုက်ခင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပန်းတော်ပြင်ကျေးရွာအုပ်စု ကွင်းအမှတ် (၈၅၉)တွင် စိုက်ပျိုးထားသည့် တောင်သူ ဦးအောင်သူရ၏ ချည်မျှင်ရှည်ဝါ အထွက်တိုးစံပြကွက် နှစ်ဧကအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ မင်းလှမြို့နယ်၏ စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များနှင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများအား မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးက ရှင်းလင်းတင်ပြခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်နေပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ အောင်မြင်ဖြစ်ထွန်းရန် အဓိက လိုအပ်ပါကြောင်း၊ မိုးရာသီတွင် စပါး၊ မိုးနှမ်းနှင့် ဝါသီးနှံများ၊ ဆောင်းရာသီသီးနှံအဖြစ် ကုလားပဲ၊ မတ်ပဲသီးနှံများနှင့် နွေရာသီတွင် စပါး၊ ပဲတီစိမ်း၊ နှမ်းတို့ကို တစ်နှစ်လျှင် သုံးသီး စိုက်ပျိုးနိုင်အောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် သီးနှံအထွက်နှုန်း မြင့်မားလာကာ ကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှု နှိုင်းယှဉ်ပါက အကျိုးအမြတ်များမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မင်းလှမြို့နယ်အတွင်း အဓိက သီးနှံများ စိုက်ပျိုးမှုအခြေအနေများ အနက် ၂၀၂၆-၂၀၂၇ ခုနှစ် ချည်မျှင်ရှည်ဝါ စုစုပေါင်း ၃၉၇၄၉ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ၇၈၅၈ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ပြီး ကွန်ပေါင်း ဓာတ်မြေ ဩဇာများအား ချည်မျှင်ရှည်ဝါစိုက် တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

၀-၀-၀-၀-၀

# ဆေးပဒေသာပင်အတွက် ငွေများလှူဒါန်း

**မန္တလေး ဩဂုတ် ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၇(A) လမ်းနှင့် ၁၁၈(B)လမ်း၊ မမ(၂၆)ရှိ တို့လူငယ် ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို နှစ်ပတ်တစ်ကြိမ် စနေနေ့တိုင်းဖွင့်လှစ်၍ လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ၊ ဒေသမရွေးလူနာများအားအထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါများကို စေတနာဆရာဝန်၊ သူနာပြုဆရာမကြီးများဖြင့် အခမဲ့ကုသပေးလျက်ရှိပြီး လိုအပ်သောလူနာများကို ECG စစ်ဆေးခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊ သွေးပေါင်ချိန်စစ်ဆေးခြင်းများကိုလည်း အခမဲ့ဆောင်ရွက်ပေးသည်။

တို့လူငယ် ကုသိုလ်ဖြစ်ဆေးခန်း တစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀၊ ၁၅၀ဦးခန့်ကို ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည်ဆက်လက်ရပ်တည်နိုင်ရေး ဆေးနှင့် ဆေးပစ္စည်းများ(ဆီးချိုကျဆေး)၊ သွေးကျဆေး၊ အစာအိမ်ဆေး၊ ပိုးသတ်ဆေး၊ ထိုးဆေး၊ အားဆေး၊ သွားနှင့်ခံတွင်းရောဂါများတွက် ထုံဆေး၊ အကိုက်အခဲပျောက်ဆေး၊ အနာကျက်ဆေး၊ ဝဋ္ဋမ်းနှင့်အသေးစား ခွဲစိတ်ကုသမှုအတွက် အရေးပေါ်ဆေးများအား ဖုန်း-၀၉-၂၅၉၅၁၀၃၉၈ နှင့် ၀၉-၂၅၅၀၆၈၅၃၃ (Viber) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တို့လူငယ် ကုသိုလ်ဖြစ်ဆေးခန်းသို့ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် ရန်ကုန်မြို့နေ ဦးစိုးညွန့်နှင့် မန္တလေးမြို့နေ ဦးမြင့်သိန်း (စာရေးဆရာကြီးမောင်ကျေးရေ) တို့က ဩဂုတ်၁ရက်က ငွေများလာရောက်လှူဒါန်းရာ ဆေးခန်းကြီးကြပ်မှုအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

**(အောက်ပုံ)(၀၄၅)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေး

**နေပြည်တော် ဩဂုတ် ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်တပ်ကျေးရွာအုပ်စု၊ ကြို့ပင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ စီတီဇင်ပေး (Citizens Pay)မှ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက Citizen Pay ဖြင့် Digital နည်းပညာကိုအသုံးပြု၍ ကြို့ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၄၆ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၂၅ ဒသမ ၁သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

**ပျော်ဘွယ် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ အသက်နှစ်လမှ တစ်နှစ်ခွဲအတွင်းရှိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ဆိတ်ချိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်နှစ်လမှ တစ်နှစ်ခွဲအတွင်းရှိ ကလေးငယ်များအား ဆုံဆို့၊ ကြက်ညှာ၊ အဆုတ်ရောင်ရောဂါ၊ ငါးမျိုးစပ်၊ ဦးနှောက်အမြှေးရောင်၊ နမိုးနီးယား၊ ပိုလီယိုကာကွယ်ဆေး၊ ဝမ်းရောဂါကာကွယ်ဆေး စသည့် အသက်အရွယ်အလိုက် သတ်မှတ်၍ ကွယ်ဆေးထိုးနှံပေးကာ မိခင်များကိုလည်း နေထိုင်စားသောက်မှုပုံစံ စနစ်တကျရှိစေရေး အသိပညာပေး ဆွေးနွေးပေးလျက်ရှိသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေး ဌာနခွဲမှ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ကျေးရွာများသို့ ကွင်းဆင်း၍ ပုံမှန်ကာကွယ်ဆေးထိုးမှု လုပ်ငန်းများ၊ အသိပညာပေးဟောပြောခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ကျောက်ဆည်ခရိုင်၌ အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ ၂ပိဿာ ၅၀ကျပ်သား ရောင်းချပေး

**ကျောက်ဆည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ကျောက်ဆည်ခရိုင် အတွင်းရှိ အိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ ၂ ပိဿာ ၅၀ ကျပ်သား ရောင်းချပေးလျက်ရှိကြောင်း သိရပြီး ယမန်နေ့နံနက်ပိုင်းက ခရိုင်စားအုန်းဆီနှင့်စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စားသုံးဆီလက်လီလက်ကား ဖြန့်ဖြူးရောင်းချသည့် ဆိုင်များတွင် အိမ်ထောင်စုတစ်စုလျှင် ၂ပိဿာ ၅၀ကျပ်သားနှုန်း ရောင်းချနေမှု အခြေအနေများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြန့်ဖြူးရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက စားအုန်းဆီရောင်းချနေသည့် ဆီဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးစာသားများပါရှိသည့် ဗီနိုင်းချိတ်၍ ဖြန့်ဖြူးရောင်းချခြင်း၊ အလေးချိန်မှန်ကန်မှုနှင့် ဆီစာအုပ်နှင့် စနစ်တကျရောင်းချခြင်း၊ ဌာနမှ ချမှတ်ထားသော မှန်(၆)မှန်နှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ပြီး စားသုံးဆီဝယ်ယူသူ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းခဲ့သည်။

ကျောက်ဆည်ခရိုင်တွင် ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ အိမ်ထောင်စု ၁၆၀၀၀၀ ကျော်ကို ယခင်က အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ၂ပိဿာနှုန်း ဖြန့်ဖြူးရောင်းချခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဇူလိုင်လနောက်ဆုံးပတ်မှစ၍ အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ ၂ပိဿာ ၅၀ကျပ်သား တိုးမြှင့်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(အောက်ပုံ)**

**(၄၈၅)**

၀-၀-၀-၀-၀



## လျှော်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

**မကွေး ဩဂုတ် ၂**

သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လျှော်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လျှော်ဘေးအန္တရာယ်များ ကြုံတွေ့လာပါက အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ သဘာဝဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် ရင်ဆိုင်ကြုံတွေ့လာပါက ဆက်သွယ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် လျှော်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်မှုအဖြစ် လျှော်လှုပ်ခတ်ခြင်းအကြောင်း အချက်ပေးခြင်းနှင့်အတူ ကျောင်းသား၊ ကျောင်းသူများက ဝပ်၊ ကာ၊ ကိုင်ပုံစံဖြင့် နေရာယူခြင်း၊ လျှော်လှုပ်ခတ်မှုငြိမ်သက်ပါက အဆောက်အအုံနှင့် ဘေးလွတ်ကင်းရာ ကွင်းပြင်နေရာများတွင် နေရာယူခြင်းတို့ကို သရုပ်ပြသကြသည်။

ဆက်လက်၍ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစု၍ သရုပ်ပြသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက ဆေးဝါးကုသမှုသရုပ်ပြသခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာအဖွဲ့က ယာဉ်၊ ယန္တရားများဖြင့် ဘေးကင်းလုံခြုံသည့် နေရာများသို့ ပို့ဆောင်ပေးခြင်း စသည့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသမှုများကို ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**

အဆိုပါလျှော်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းတွင် မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၀ ဦးဖြင့် ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**



## ကျောက်ခင်းလမ်းပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**မိုင်းနောင် ဩဂုတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့၊ နားလင်လိုင်ကျေးရွာအတွင်း ဆောင်ရွက်သော ကျောက်ခင်းလမ်း ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား တာဝန်ရှိသူများက ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက နားလင်လိုင်ကျေးရွာအတွင်း ဆောင်ရွက်နေသော ကျောက်ခင်းလမ်း ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ ကျောက်ခင်းလမ်း ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွင် ဆောင်ရွက်ထားသော ရေနုတ်မြောင်းများ စနစ်တကျ ရှိ၊ မရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါနားလင်လိုင်ကျေးရွာ ကျောက်ခင်းလမ်း ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၁/၀)မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ပြည်နယ်ရန်ပုံငွေကျပ် ၁၁၃ သန်းဖြင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြစေတီဘုရားကြီး၏ အရံစေတီ(၂၁)ဆူအား ရွှေထီးတော်တင်လှူခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**ညောင်ဦး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာရှိ မြစေတီဘုရားကြီးကို ရာဇကုမာရ်မင်းသားက တည်ထားကိုးကွယ်တော်မူကာ မြစေတီဘုရားကြီး၏ အရံစေတီ(၂၁)ဆူ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် တောင်ဘက်အာရုံခံအတွင်းရှိ ပလ္လင်တော် အနေကဇာတင်လှူခြင်းကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။



ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ကာ ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလိုတော်ပြည့် စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များထံသို့ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညီနှင့် အဖွဲ့ဝင်များက ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ လောကနန္ဒာစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တမေဃိယ(အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို မြစေတီဘုရားကြီးအား လက်ယာရစ် လှည့်လည်ပူဇော်၍ ထီးတော်တင်လှူပူဇော်မည့်နေရာသို့ ပင့်ဆောင်ကာ ထီးတော်တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၁)**

## မိတ္ထီလာဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ သာစည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသခြင်းများ ကွင်းဆင်းဆောင်ရွက်

**သာစည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် မိတ္ထီလာမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိဦးဆောင်၍ ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသရေးအဖွဲ့သည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက သာစည်မြို့ ပြည်သူ့ဆေးရုံတွင် ကွင်းဆင်းဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ကွင်းဆင်းဆေးကုသရာသို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ လူနာများလာရောက်ပြသရာ အထူးကုဆရာဝန်ကြီးများနှင့်အတူ သာစည်မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဇေယျာမျိုးနှင့် ဝန်ထမ်းများက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြပြီး အထွေထွေရောဂါလူနာ ၁၅၄ ဦး၊



ခွဲစိတ်လူနာ ၄၅ ဦး၊ အရိုးရောဂါဆိုင်ရာလူနာ ၆၆ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၅၉ ဦး၊ ကလေးလူနာ ၂၃ ဦး၊ မျက်စိရောဂါလူနာ ၁၅၀ ဦး၊ အကြောအဆစ်ရောဂါလူနာ ၅၈ ဦး၊ သွားနှင့် ခံတွင်းလူနာ ၄၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၃၀ ဦးနှင့် အရေပြားလူနာ ၆၆ ဦး စုစုပေါင်း လူနာ ၆၉၈ ဦးတို့အား ကြည့်ရှုကုသပေးခဲ့သည်။

အဆိုပါလူနာ ၆၉၈ ဦးမှ အထွေထွေရောဂါလူနာ ၁၂ ဦး၊ ကလေးလူနာ တစ်ဦး၊ ခွဲစိတ်လူနာ ငါးဦး၊ အရိုးလူနာ ငါးဦးနှင့် သားဖွားမီးယပ်လူနာ တစ်ဦး၊ စုစုပေါင်းလူနာ ၂၄ ဦးတို့အား လိုအပ်ချက်အရ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု ဆက်လက်ခံယူနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ထွန်းထွန်း(သာစည်)**

*-*-*-*-*

## မြန်မာအမျိုးသမီးဘောလုံးအကယ်ဒမီအဆောက်အအုံနှင့် ကျောင်းသူများ တက်ရောက်သင်ကြားနေမှုများ ကြည့်ရှု၍ တွေ့ဆုံအားပေး

**မန္တလေး ဩဂုတ် ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်နှင့် ရတနာပုံအက်ဖ်စီအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့်အတူ ဩဂုတ် ၁ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာအမျိုးသမီး ဘောလုံးအကယ်ဒမီသို့ သွားရောက်၍ အကယ်ဒမီအဆောက်အအုံနှင့် လေ့ကျင့်ရေးကွင်း တက်ရောက်နေသည့် ကျောင်းသူများအား တွေ့ဆုံ၍ အားပေးခဲ့သည်။

မြန်မာအမျိုးသမီးအကယ်ဒမီတွင် ဒေသအသီးသီးမှ ရွေးချယ်ထားသော ကျောင်းသူ ၅၁ ဦး တက်ရောက်နေပြီး အသက် ၁၃ နှစ်၊ ၁၄နှစ်၊ ၁၅ နှစ်အရွယ် ကစားသမားလေးများဖြစ်သည်။ အကယ်ဒမီတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးနှင့်အတူ မြန်မာ့လက်ရွေးစင် သန်းသန်းထွေးနှင့် နည်းပြအဖွဲ့က ဘောလုံးပညာများကို သင်ကြားပေးပြီး Grade-8 နှင့် Grade-9 အတန်းများကို အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင်လည်းကောင်း၊ Grade-5 နှင့် Grade-7 အတန်းများကို အ·ထ·က ခွဲ(၁၃) တွင် တက်ရောက်သင်ကြားလျက်ရှိသည်။

မြန်မာအမျိုးသမီးဘောလုံးအကယ်ဒမီသည် အရှေ့တောင်အာရှတွင် အခမဲ့တက်ရောက်နိုင်သည့် ပထမဆုံးသော အမျိုးသမီးဘောလုံးအကယ်ဒမီဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် ဇရာဝတီဖောင်ဒေးရှင်းတို့က ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jimin ၏ They Don't Know About Us မှာ ပရိသတ်များအတွက် ရည်ရွယ်ထား

ဘီတီအက်စ် အဖွဲ့ဝင်များ အောင်မြင်မှု၏ နောက်ကွယ်တွင်



ပင်ပန်းခက်ခဲမှု များစွာကို ကျော်ဖြတ်ခဲ့ကြရာ အဖွဲ့ဝင် ဂျီမင် ရေးသားဖန်တီးထားသည့် You Make Me Weak မှ They don't Know About Us သည် အမာခံပရိသတ်များအတွက် ရည်ရွယ်ထားကြောင်း ဆွန်ပီဝက်ဆိုက်ဘ်တွင် ဖော်ပြသည်။

အဖွဲ့ခေါင်းဆောင် အာရ်အမ်က ပရိသတ်များကို ဂီတအကြောင်း ဝေမျှပေးခဲ့ရာ ဂျီမင်၏ ဂီတဖန်တီးမှုတွင် အဆိုပိုင်းသာမက တေးရေးပိုင်းတွင်ပါ တိုးတက်ခဲ့ကြောင်း၊ သီချင်းဖန်တီးရာတွင် ဂျီမင်က 'မင်းက ငါ့ကို အားနည်းသွားစေတယ်'ဆိုသည့် စာသားကို အကြံပြုခဲ့ပြီး 'လူအများက ငါတို့ကို အားနည်းသွားစေတယ် ဘာလို့လဲဆိုတော့ သူတို့က ငါတို့ကို လုံးဝမသိကြလို့ပဲ'လို့ အတွေးဝင်ခဲ့ပြီး နောက်ဆုံးမှာ They Don't Know About Us ဆိုသည့် သီချင်းဖြစ်ခဲ့သည်။

အဆိုပါ သီချင်း၏စွမ်းဆောင်ရည်တွင် မျက်လုံးများ၊ မျက်နှာများ မြင်တွေ့ကြရပြီး အမာခံပရိသတ်အတွက် ရည်ရွယ်သည့် စာတိုလေးနှင့်စခဲ့ကာ နောက်ဆုံးတွင် သူတို့ကို လုံးဝမသိသည့် ဝေဖန်သူများအတွက် ပြင်းထန်သည့် သီချင်းတစ်ပုဒ်ဖြစ်ခဲ့သည်။ (SKY)

## Keng Namping က KCL Awards 20026 တွင် ဆုရရှိ



ထိုင်းအနုပညာလောက မှ (၂၂)ကြိမ်မြောက် KCL Awards 2026 ဆုပေးပွဲတွင် မင်းသား ကွန်နမ်ပင်းက အကောင်းဆုံး တက်သစ်စ ကြယ်ပွင့်ဆု၊ ထိုင်းပေါ့ပ်ဂီတ အနုပညာရှင်သစ်ဆုတို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း ထိုင်းအပ်ဒိတ်တွင် ဖော်ပြသည်။

ထိုင်းဖျော်ဖြေရေးလောက၏ စံနှုန်းမြင့်တင်မှု၊ လူထုအတွက် လက်ရာကောင်းများ ဖန်တီးပေးခဲ့သည့် အနုပညာရှင် အတတ်ပညာရှင်များကို ဂုဏ်ပြုဆုပေးပွဲလည်း ဖြစ်ပြီး အခန်းကဏ္ဍနှစ်မျိုးခွဲ၍ ကျင်းပခဲ့သည်။

အကဲဖြတ်ဒိုင်လူကြီးများ ဆုံးဖြတ်ပေးသည့် ထူးချွန်ဆုနှင့် ပရိသတ်မဲပေးရွေးချယ်သည့် ပေါ်ပြူလာဆုတွင် ဂီတ၊ ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲတို့ ပါဝင်ပြီး Khemira က အကောင်းဆုံး ဇာတ်လမ်းတွဲ ဆု၊ မင်းသား ကွန်နမ်ပင်းက အကောင်းဆုံး တက်သစ်စကြယ်ပွင့်ဆုနှင့် ထိုင်းပေါ့ပ်ဂီတ တစ်ကိုယ်တော်နှင့် အကောင်းဆုံး အနုပညာရှင်သစ်ဆုကို ဇာတ်ဝင်တေးနှင့် Mantra နှင့် ရရှိခဲ့သည်။

ထိုင်းနိုင်ငံတကာ အဆိုတော်ဆုကို ဖတ်စ်ဝမ်းဝါနာကွန်း ရေပန်းအစားဆုံး BL ဆုကို ဇီနူနယူးက The Next Prince ထိုင်းယဉ်ကျေးမှုနှင့် သင်္ကေတကို ထင်ဟပ်စေသည့် ဇာတ်လမ်းတွဲဆုကို ဘီလီဘေဘီအတွဲက Interminable စီးရီးနှင့် ဆန်ယူကီးက Shine နှင့် ဇာတ်ပို့ဆု၊ ပါမယ်နာရတ်က အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု အသီးသီးရရှိခဲ့ကြသည်။

(SKY)

0 - 0 - 0 - 0 - 0



## တစ်နေ့လျှင် ကဖိန်းဓာတ် ၄၀၀ မီလီဂရမ်အထိ လူကြီး အများစုဘေးကင်းစွာ သောက်သုံးနိုင်မည်

အမေရိကန် နှလုံးရောဂါဗေဒအသင်း၏ သုတေသနအစီရင်ခံစာအသစ်တစ်ရပ်အရ လူကြီးအများစုအနေဖြင့် တစ်နေ့လျှင် ကဖိန်းဓာတ် ၄၀၀ မီလီဂရမ်အထိ ဘေးကင်းစွာ သောက်သုံးနိုင်မည်ဟု ဆိုသည်။ ထိုပမာဏသည် ၈ အောင်စဆံ့ ကဖိန်းပါကော်ဖီခွက် ၅ ခွက်ခန့်နှင့် ညီမျှသည်။ အလွန်အကြူး မဟုတ်ဘဲ သင့်တင့်ရုံ ကော်ဖီသောက်သုံးခြင်းသည် နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါအချို့ ဖြစ်ပွားနိုင်ခြေကိုပင် လျှော့ချပေးနိုင်ကြောင်း ထိုအစီရင်ခံစာက ဖော်ပြထားသည်။

'ကဖိန်းဓာတ်နှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ' အမည်ရှိ အစီရင်ခံစာအရ အားဖြည့်အချိုရည်များနှင့် အားဖြည့်အချိုရည်ဘူးတိုများတွင် ကဖိန်းဓာတ်ပမာဏ များပြားစွာ ပြင်းအားမြင့်ပါဝင်နေသဖြင့် သွေးတိုးစေခြင်း (သို့မဟုတ်) နှလုံးခုန်နှုန်းပုံမမှန်ခြင်းများကို ရုတ်တရက် ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

SCI

## V@Kim Taegung ၏ စကားပြောစွမ်းရည်ဆွဲဆောင်မှုရှိ

ဘီတီအက်စ်အဖွဲ့ဝင် ဗီ(ခေါ်) ကင်ထယ်ယောင်း၏ စကားပြောစွမ်းရည် ဆွဲဆောင်မှုအကြောင်း Herald Economy သတင်းက ဖော်ပြထားရာ လှပသည့် စကားလုံးများ၏ ဆရာ(Master of Pretty Words)ဟု တင်စားထားကြောင်း ဆွန်ပီဝက်ဆိုက်ဘ်တွင် ဖော်ပြသည်။

ဗီ(ခေါ်)ကင်ထယ်ယောင်၏ စကားပြောဟန် ဆွဲဆောင်မှုရှိကြောင်း သုတေသနပြုထားသော ဗီဒီယိုကို ထုတ်လွှင့်တင်ပြရာ အချက် ငါးချက်ပါဝင်သည်။ ပထမအချက်မှာ တူညီသည့် စိတ်ဝင်စားမှုကို ရှာဖွေ၍ ပြောဆိုတတ်ခြင်းကို You Quiz အစီအစဉ်တွင်တွေ့ရပြီး ဒုတိယအချက် အသံနှင့် အမူအရာကို အတုယူ ပြောဆိုတတ်ခြင်း ဖြစ်သည်။

တတိယအချက်တွင် အမှန်



အတိုင်း ရိုးသားစွာ ပြောဆိုတတ်ခြင်းက ဆွဲဆောင်မှုတစ်ခုဖြစ်ခဲ့ပြီး စတုတ္ထအချက်မှာ တခြားသူများကို ချီးမွမ်းတတ်ခြင်း၊ နွေးထွေးမှုရှိပြီး စိတ်ရင်းအတိုင်း ပြောဆိုတတ်သည်။ ပဉ္စမအချက်မှာ အမှတ်တရများကို အသေးစိတ်ပြောပြတတ်၍ နည်းပြများက အထူးချီးကျူးခဲ့ကြသည်။

သူ၏ လှပသော စကားလုံးများက လှပသည့် နှလုံးသားမှ ထွက်ရှိလာ၍ သူ၏အားပေးစကားများမှာ လူအများရင်ထဲကို ထိမှန်စေခဲ့ပြီး Master of Pretty Words နှင့် ထိုက်တန်ကြောင်း ပရိသတ်များက မှတ်ချက်ပေးထားကြသည်။

(SKY)

## Shin Hae Sun ကို The Art of Sarah တွင် လျှို့ဝှက်ချက်နှင့် တွေ့ဆုံ

ကိုရီးယားထိပ်တန်းမင်းသမီး ရှင်ဟေဆွန်ကို The Art of Sarah တွင် လျှို့ဝှက်ချက်များနှင့် စိတ်ပိုင်းဆိုင်ရာ ရှုပ်ထွေးသော အမျိုးသမီးအဖြစ် မြင်တွေ့ရကြောင်း ကိုရီးယား ဆိုးလ်ဝက်ဆိုက်ဘ်တွင် ဖော်ပြသည်။

ပရိသတ်အချစ်တော်အဖြစ် Mr Queen, See You in May 19th Life တို့နှင့် ကွဲထွက်ကာ မထင်မှတ်ထားသည့် ဇာတ်ရုပ်နှင့် လျှို့ဝှက်ချက်များနှင့် စိတ်ပိုင်းဆိုင်ရာ ရှုပ်ထွေးသော အမျိုးသမီးအဖြစ် မြင်တွေ့ကြရသည်။

အဆိုပါ ဇာတ်ကားတွင် အာရုံ တိုက် ဆိုင်ခွဲဥက္ကဋ္ဌအဖြစ် အတုအယောင်များနှင့် ဖန်တီးထားသည့် လျှို့ဝှက်ဆန်းကြယ်သည့် အမျိုးသမီးတစ်ဦး၊ အသတ်ခံရသည့် သားကောင်အဖြစ် တွေ့ရပြီး အမှုမှန်ဖော်ရာမှ နောက်ကြောင်းရာဇဝင်တွင် ထိတ်လန့်ဖွယ် လျှို့ဝှက်ချက်များ၊ ရှုပ်ထွေးသည့် ဘဝဇာတ်ကြောင်းများ ပေါ်ပေါက်လာခဲ့သည်။




ရှင်ဟေဆွန်ကို အမျိုးသမီးတစ်ဦး၏ ရှန်းကန်ရသည့် စိတ်ပိုင်းဆိုင်ရာ ရှုပ်ထွေးမှုများနှင့် ဇာတ်ရုပ်ပီပြင်မှုကို ပရိသတ်အားပေးထားကြသည်။(SKY)

## Sammy's Children's Day သရုပ်ဆောင်နှစ်ဦး ဂီတပွဲကျင်းပ

တရုတ်ဇာတ်လမ်းတွဲ Sammy's Children's Day နှင့် လူကြိုက်များခဲ့သော သရုပ်ဆောင် နှစ်ဦးဖြစ်သည့် ဟီချန်ရှီနှင့် ဟီရန်ကျန်းတို့ ဟောင်ကောင်တွင် ဂီတပွဲ ကျင်းပပြုလုပ်ခဲ့ရာ ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားကြောင်း ဝိန်ဘိုဝက်ဆိုက်ဘ်တွင် ဖော်ပြသည်။

သရုပ်ဆောင် အဆိုတော် တစ်ဦးဖြစ်သည့် ဟီချန်ရှီ၏ တွဲခေါ်မှုနှင့် အိပ်မက်ဆန်စွာ စတိတ်စင်ပေါ်တက်လာသည့် ကွမ်တုံသား တယောထိုး၊ သီချင်းဆို၊ အကစွမ်းရည်ကိုပါ ပြသခဲ့သည့် Congrats on Your First Concept တွင် ဟီရန်ကျန်း၏ ဂီတစွမ်းရည်ကို ပရိသတ် တစ်ခဲနက် အားပေးထားကြသည်။




နှစ်ဦးသား အပေးအယူမျှတစွာနှင့် ဂီတပွဲကို တင်ဆက်ထားကြပြီး ဖက်ရှင်ဒီဇိုင်းအသစ်များကိုပါ ချပြခဲ့ကြကာ အဆို၊ အကစွမ်းရည်ကိုပါ သူမတူအောင်ပြသခဲ့၍ ပထမဆုံးဂီတပွဲ အောင်မြင်မှု ရရှိခဲ့သည်။

ကွမ်တုံသား ဟီရန်ကျန်း၏ ကွမ်တုံသီချင်းနှင့် တယောလက်သံကြောင့် ပရိသတ်များအံ့အားတသင့်ဖြစ်ခဲ့ကြပြီး အကစွမ်းရည် တိုးတက်လာမှုကိုပါ မြင်တွေ့ခဲ့ကြရသည်။ ဖက်ရှင်ဒီဇိုင်းသစ်နှင့် ဆွဲဆောင်အားပြင်းသော ဂီတပွဲတော်ဖြစ်သည်။ (SKY)

## Black Pink ၏ (BPTG) အဖွဲ့ မကြာမီ တရားဝင်ဖျက်သိမ်းမည်

ကမ္ဘာကျော် ဘလက်ပင့်ခ်အဖွဲ့၏ Black Pink the Game (BPTG)ကို တရားဝင်ဖျက်သိမ်းတော့မည်ဖြစ်ကြောင်း တရားဝင်ကြော်ငြာချက် ထုတ်ပြန်ထားသည်ဟု ဆွန်ပီဝက်ဆိုက်ဘ်တွင် ဖော်ပြသည်။

အဆိုပါ (BPTG)ဂိမ်းကို ၂၀၂၃ ခုနှစ်၊ မေ ၈ ရက်မှစ၍ အားပေးခဲ့ကြသူများကို ကျေးဇူးတင်ကြောင်း၊ ရှေ့ဆက်၍ ဂိမ်းဝန်ဆောင်မှုများကို လုံးဝရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြကြောင်း သုံးနှစ်ကျော်ကြာ ထုတ်လွှင့်မှုကို ၂၀၂၆ခုနှစ်၊ ဩဂုတ် ၃၁ ရက်တွင် တရားဝင်ဖျက်သိမ်းခဲ့ကြောင်း၊ အဖွဲ့ဝင်များ အချိန်မပေးနိုင်တော့သဖြင့် အသစ်ဖန်တီးမှု အခက်အခဲရှိ၍ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဘလက်ပင့်ခ်အဖွဲ့၏ ၁၀ နှစ်ပြည့် အမှတ်တရအပြီး တရားဝင်ဖျက်သိမ်းခဲ့ကာ (BPTG) ဂိမ်းအတွက် ဇာတ်ဝင်တေးကို ဂျင်းနီနှင့် ရို့စ်တို့က ရေးသားထားပြီး The Girl သီချင်းမှာ ပရိသတ်အကြိုက် တွေ့နေကြကာ လီဆာ၏ ရက်ပ်အဆိုသည်လည်း အားပေးမှုများပြားစွာ ရရှိထားသည်။ (SKY)

# အိုပက်ပလက်စ်(OPEC+)က စက်တင်ဘာလအတွင်း တစ်ရက်လျှင် ရေနံစည် ၁၈၈၀၀၀ တိုးမြှင့်ထုတ်လုပ်မည်

ဗီယင်နာ ဩဂုတ် ၂

ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့ (OPEC+) အဖွဲ့ဝင် ခုနစ်နိုင်ငံသည် စက်တင်ဘာလအတွင်း တစ်ရက်လျှင် ရေနံစည်ပေါင်း ၁၈၈၀၀၀ အထိ ထုတ်လုပ်မှု တိုးမြှင့်ရန် ဩဂုတ် ၂ ရက်တွင် သဘောတူညီခဲ့ကြကြောင်း အဖွဲ့၏ အွန်လိုင်းအစည်းအဝေးအပြီး ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဆုံးဖြတ်ချက်ကို ဆော်ဒီအာရေဗျ၊ ရုရှား၊ အီရတ်၊ ကူဝိတ်၊ ကာဇက်စတန်၊ အယ်လ်ဂျီးရီးယားနှင့် အိုမန်နိုင်ငံတို့ ပါဝင်တက်ရောက်ခဲ့သည့် အစည်းအဝေးအပြီး ကြေညာခဲ့ခြင်းဖြစ်သည်။ OPEC+ တွင် ရေနံတင်ပို့သည့် နိုင်ငံများအဖွဲ့ (OPEC) ၏ အဖွဲ့ဝင်နိုင်ငံများနှင့် ၎င်းတို့၏ မိတ်ဖက်နိုင်ငံများ ပါဝင်ကြောင်း သိရသည်။

OPEC+ သည် ၂၀၂၃ ခုနှစ် ဧပြီလတွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၆၅ သန်း ထုတ်လုပ်မှု လျှော့ချခြင်းကို ပထမဆုံးကြေညာခဲ့ပြီး ယင်းအစီအစဉ်ကို ၂၀၂၆ ခုနှစ် နှစ်ကုန်အထိ သက်တမ်းတိုးခဲ့ကြောင်း သိရသည်။

ယခုဆုံးဖြတ်ချက်သည် OPEC+ က ထုတ်လုပ်မှုတိုးမြှင့်သည့် ခြောက်လမြောက်ဆက်တိုက်ဆုံးဖြတ်ချက်ဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ




# အင်ဒိုနီးရှားနိုင်ငံ ဆူးကာနို-ဟတ်တာ အပြည်ပြည်ဆိုင်ရာလေဆိပ် အရှေ့တောင်အာရှ၏ ဒုတိယအစည်ကားဆုံး လေဆိပ်ဖြစ်လာ

ဂျကာတာ ဩဂုတ် ၂

ဗြိတိန် လေကြောင်းဆိုင်ရာ အချက်အလက် စိစစ်လေ့လာရေး ကုမ္ပဏီ အိုအေဂျီ၏ ထုတ်ပြန်ချက်အရ ဇူလိုင်လအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ဆူးကာနို-ဟတ်တာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် မလေးရှားနိုင်ငံ၏ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ကျော်လွန်၍ အရှေ့တောင်အာရှ၏ ဒုတိယအစည်ကားဆုံး လေဆိပ်ဖြစ်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဆူးကာနို-ဟတ်တာ လေဆိပ်သည် ထိုင်ခုံပမာဏ ၃ ဒသမ ၃ သန်းအထိ စာရင်းဝင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ရာ ထိုင်ခုံပမာဏ ၃ ဒသမ ၅၆ သန်းရှိသည့် စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်၏ အနောက်တွင် ကပ်လျက်ရပ်တည်နေခြင်းဖြစ်သည်။

ဒေသတွင်း ဒုတိယ အလုပ်အများဆုံး နေရာကို ကာလရှည်ကြာ ရယူထားခဲ့သော ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ထိုင်ခုံပမာဏ ၄ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျကာ ၃ ဒသမ ၁၅ သန်းသို့ ရောက်ရှိသွားခဲ့သဖြင့် တတိယနေရာသို့ လျော့ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



# အီတလီတွင် အပူလှိုင်းသစ်တစ်ခု ထပ်မံရိုက်ခတ်လာ မြို့ကြီးအများစုကို အမြင့်ဆုံးအဆင့် သတိပေးထား

ရောမ ဩဂုတ် ၂

အီတလီနိုင်ငံတွင် ပူပြင်းသည့် အပူလှိုင်းသစ်တစ်ခု ထပ်မံရိုက်ခတ်လာသဖြင့် တိုင်းပြည်၏ မြို့ကြီးအများစုကို အမြင့်ဆုံး "အနီရောင်" အဆင့် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

မြို့တော် ရောမ၊ မီလန်၊ ဗင်းနစ်နှင့် နာပိုလီ အပါအဝင် မြောက်ပိုင်းမှ တောင်ပိုင်းအထိ မြို့ပေါင်း ၁၉ မြို့ကို အနီရောင်အဆင့် သတိပေးချက် အသီးသီး ထုတ်ပြန်ထားပြီး တနင်္လာနေ့တွင် မြို့နှစ်မြို့မှအပ ကျန်မြို့ကြီးများ အားလုံးသတိပေးချက် အဆင့်အတွင်း ကျရောက်မည်ဖြစ်ကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ယမန်နေ့က ဒေသအများအပြား၌ အပူချိန်သည် ၃၅ ဒီဂရီဆဲလ်စီးယပ်ဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး အာဏာပိုင်များက အသက်အရွယ်ကြီးရင့်သူများ၊ ကလေးငယ်များနှင့် နာတာရှည်ရောဂါသည်များ အပါအဝင် ထိခိုက်လွယ်သည့် အုပ်စုများတင်မကဘဲ ကျန်းမာသန်စွမ်းသူများအတွက်ပါ အန္တရာယ်ရှိနိုင်သည်ဟု သတိပေးထားကြောင်း သိရသည်။ Mon

# ကွမ်းတပ်စ်အတွက် စမ်းသပ်ပျံသန်းသည့် အဲဘတ်စ်လေယာဉ် ၂၄ နာရီနှင့် ၂၄ မိနစ်ကြာ မရပ်မနား ပျံသန်းကာ စံချိန်သစ်တင်

ကင်ဘာရာ ဩဂုတ် ၂

ဩစတြေးလျ ခရီးသွားလိုင်း ကွမ်းတပ်စ်အတွက် စမ်းသပ်ပျံသန်းသည့် အဲဘတ်စ်လေယာဉ်တစ်စင်းသည် ၂၄ နာရီနှင့် ၂၄ မိနစ်ကြာ မရပ်မနား ပျံသန်းနိုင်ခဲ့ပြီး သမိုင်းဝင် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဖလိုက်ထ်ရိဒါ ၂၄ ၏ ဖော်ပြချက်အရ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှ ပြင်သစ်နိုင်ငံ တူးလော့စ်မြို့သို့ သွားရောက်သည့် အဆိုပါ ခရီးစဉ်သည် ၂၃၀၇၅ ဒသမ ၉၂ ကီလိုမီတာ ကွာဝေးပြီး စီးပွားရေးလုပ်ငန်းသုံး လေယာဉ်တစ်စင်းမှ မရပ်မနား ပျံသန်းခဲ့သည့် အရှည်လျားဆုံး ခရီးအဖြစ် ကမ္ဘာ့စံချိန်တင်ခဲ့ခြင်းဖြစ်သည်။




အဆိုပါ လေယာဉ်သည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် မဲလ်ဘုန်းမြို့မှ ထွက်ခွာခဲ့ပြီး တိုက်ကြီး သုံးတိုက်၊ သမုဒ္ဒရာ နှစ်စင်းနှင့် စံတော်ချိန် ဇုန် ၁၇ ဇုန်ကို ဖြတ်သန်းကာ ဇူလိုင် ၂၈ ရက်တွင် အဲဘတ်စ်ကုမ္ပဏီ ဌာနချုပ်သို့ ဘေးကင်းစွာ ဆင်းသက်ခဲ့ကြောင်း သိရသည်။

Mon

# ထိုင်းနိုင်ငံ၏ အကြီးဆုံးကျွန်းဖြစ်သော ဖူးခက်တွင် ညဉ့်အလှဖျော်ဖြေရေးလုပ်ငန်းများ တိုးချဲ့ရန်စီစဉ်

ဘန်ကောက် ဩဂုတ် ၂

ထိုင်းနိုင်ငံ၏ အကြီးဆုံး ကျွန်းဖြစ်သော ဖူးခက်တွင် ခရီးသွားလုပ်ငန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ လာရောက်လည်ပတ်သူများ၏ တိုးတက်လာသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ညဉ့်အလှ ဖျော်ဖြေရေး လုပ်ငန်းများကို ဥပဒေဘောင်အတွင်းသို့ ပိုမိုသွတ်သွင်းနိုင်ရန်အတွက် သတ်မှတ်ဖျော်ဖြေရေးဇုန်များကို တိုးချဲ့ရန် ဒေသဆိုင်ရာ အာဏာပိုင်များက စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဖူးခက်ကျွန်း၏ သတ်မှတ်ဖျော်ဖြေရေးဇုန်များကို တိုးချဲ့ပေးရန် ဖူးခက်ဖျော်ဖြေရေးလုပ်ငန်းရှင်များ အသင်းနှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၏ တောင်းဆိုလွှာကို ဖူးခက်ခရိုင်အုပ်ချုပ်ရေးမှူး ချိုတီနရင်ကတ်ဆွန်၏ ကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ရှမ်ဒွန် ဟာဂျီအာဝေးထံ သွားရောက်ပေးအပ်ခဲ့ပြီးနောက် ယခုကဲ့သို့ အရေးယူဆောင်ရွက်မှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖျော်ဖြေရေးစခန်း အများအပြားသည် ဥပဒေကို လိုက်နာရန် ဆန္ဒရှိကြသော်လည်း ကျွန်း၏ ကန့်သတ်ထားသော ဖျော်ဖြေရေးဇုန်များပြင်ပတွင် တည်ရှိနေသောကြောင့် လုပ်ငန်းလိုင်စင် ရယူနိုင်ခြင်းမရှိကြကြောင်း သိရသည်။

Mon

# ပြင်းထန်သည့်အပူချိန်ကို အန်တုၡ ဂျပန်၌ ငလျင်ဘေးပြန်လည်ထူထောင်ရေးများလုပ်ဆောင်

တိုကျို ဩဂုတ် ၂

အသက်အန္တရာယ်ရှိသည့် ပြင်းထန်သောအပူချိန်ကို အန်တုကာ ဇူလိုင် ၂၈ ရက်က ပြင်းအား ၇ ဒသမ ၁ အဆင့်ဖြင့် ငလျင်လှုပ်ခတ်ခဲ့ရာ ဂျပန်နိုင်ငံ ခူမာမိုတိုခရိုင်တွင် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ပေါက်ကွဲမှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရှော့ပင်းမောလ်တစ်ခု၌ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဩဂုတ် ၁ ရက်တွင် အဆုံးသတ်ခဲ့ကြောင်း ခူမာမိုတိုခရိုင် တာဝန်ရှိသူများက ပြောကြားသည်။ ငလျင်လှုပ်ခတ်မှုကြောင့် လူ ၃၈ ဦး သေဆုံးခဲ့ကြောင်း အတည်ပြုထားသော်လည်း ၎င်းတို့အနက် နှစ်ဦးမှာ ငလျင်နှင့် ဆက်နွှယ်သော သေဆုံးမှုဟုတ်မဟုတ်ကို ဆက်လက်စိစစ်နေကြောင်း ပြောကြားသည်။

ထို့ပြင် ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်ပေါင်း ၃၈၀၀ ကျော် ပျက်စီးခဲ့ပြီး လူ ၉၂၀၀ ကျော်မှာ ဘေးလွတ်ရာ တိမ်းရှောင်ရေးစခန်းများတွင် ခိုလှုံနေရကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားသည်။

ခရိုင်တစ်ဝန်း ဩဂုတ် ၂ ရက်တွင် အပူချိန်မြင့်တက်ခဲ့ပြီး မွန်းလွဲ ၂ နာရီအထိ အာဆာဂီရိမြို့၌ အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်စ်ကျော်ရှိခဲ့ကာ ဟိတိုယိုရှိမြို့နှင့် ခူမာမိုတိုမြို့တို့တွင်လည်း အပူချိန် ၃၈ ဒီဂရီဆဲလ်စီးယပ်စ်အထက်ရှိခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး ဩဂုတ် ၂**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်ဧရိယာအတွင်း သန့်ရှင်းသာယာလှပစေရေး၊ စိမ်းလန်းစိုပြည်စေရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သာယာဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဌာနပေါင်းစုံနှင့် ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးကို မန္တလေးအထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မန္တလေးအထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးအတွင်းရှိ ချုံနွယ်ပေါင်းပင်များ၊ ပလတ်စတစ်အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်နှင့် ခြင်၊ ယင်၊ ပိုးမွှားများ ကင်းဝေးစေရန် ရေမြောင်းများအား ရှင်းလင်းခြင်း၊ မလိုအပ်သော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။



အဆိုပါစုပေါင်းသန့်ရှင်းရေးကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ချမ်းမြေ့မောင်(ချမ်း/စံ)**



## သစ်ပင်လဲကျပြီး လမ်းပိတ်နေသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပြင်ဦးလွင် ဩဂုတ် ၂**

ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီ ၄ မိနစ်ခန့်က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကန်တော်ကြီးပတ်လမ်း၌ လုံးပတ် ၅ ပေခန့်၊ အမြင့် ၆၀ ပေခန့်ရှိ တောင်သရက်ပင်သည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပွပြီး အမြစ်မခိုင်ဘဲ လဲကျကာ လမ်းပိတ်နေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်ခရိုင်၊ မြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် နှစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီ ၅၂ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုနှင့် ပစ္စည်းဆုံးရှုံးမှု မရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး



**တောင်တွင်းကြီး ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စက်သုံးဆီဆိုင်များအား ယမန်နေ့ နံနက် ၁၀ နာရီက ပူးပေါင်းအဖွဲ့မှ လိုက်လံစစ်ဆေးခဲ့ကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူး ဦးသက်နိုင်ဦးနှင့် သန္တေတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ခိုင်ခိုင်ကျော်၊ ဝါဝါဝင်း၊ နန်းထိုက်စံ၊ T&T ၊ New Day ၊ အာကာကျော်စက်သုံးဆီအရောင်းဆိုင်နှင့် မြင့်မိုရ်ဆုစက်သုံးဆီ အရောင်းဆိုင်များအား လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**နောင်နောင်(မိသားနိုးမြေ)**



## အွန်လိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားခပေးဆောင်ပုံ အသိပညာပေးဟောပြောပွဲ ကျင်းပ

**သာစည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးက မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားခများကို နေအိမ်မှ လွယ်ကူလျင်မြန်စွာပေးဆောင်နိုင်ရန် အွန်လိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားခပေးဆောင်ပုံ အသိပညာပေး ဟောပြောပွဲများကို ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်မေသဇင်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးဆောင်ရွက်နေမှုများနှင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်မော်က လျှပ်စစ်ဓာတ်အားသုံးစွဲသူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သတိပြုရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပြီး ကမ္ဘောဇဘဏ်ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားသုံးစွဲသူများ အနေဖြင့် မိမိနေအိမ်မှ လျှပ်စစ်ဓာတ်အားခများကို လွယ်ကူလျင်မြန်စွာပေးဆောင်နိုင်ရေးအတွက် Online Banking ဖြင့် လျှပ်စစ်ဓာတ်အားခ ပေးဆောင်ပုံအဆင့်ဆင့်ကို ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါအသိပညာပေး ဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၄၈၇)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချသူများအား အမှုဖွင့်အရေးယူ

**ပျဉ်းမနား ဩဂုတ် ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ တရားမဝင်လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချသည့် အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြို့နယ်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း စက်သုံးဆီများ တရားမဝင် ရောင်းချမှုများမရှိစေရေး လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ရာ နေအိမ်ရှေ့တွင် တရားမဝင်လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချနေသည့် ပန်းခင်း(၁) ရပ်ကွက်နေ ဦးဝင်းညွန့်(၆၂)နှစ်အား ဘက်ထရီပန့် တစ်လုံး၊ 92 Ron လေးဂါလန်ပါ ဆီပုံး တစ်ပုံးဖြင့်လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ ဦးတိုးလွင်(၆၃)နှစ်အား ဘက်ထရီပန့် တစ်လုံး၊ 92 Ron ၁၅ ဂါလန်ပါ ဆီပီပါတစ်လုံးဖြင့်လည်းကောင်း၊ ဒေါ်လှလှရီ(၅၅)နှစ်အား ဘက်ထရီပန့် တစ်လုံး၊ 92 Ron ၁၅ ဂါလန်ပါ ဆီပီပါ တစ်လုံးဖြင့်လည်းကောင်း၊ ပန်းခင်း(၃) ရပ်ကွက်နေ ဦးသီဟကျော်(၅၄)နှစ်အား ဘက်ထရီပန့် တစ်လုံး၊ 92 Ron ၃၅ ဂါလန်ပါ ဆီပီပါ တစ်လုံးဖြင့်လည်းကောင်း အသီးသီးတွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဝင်းညွန့်ဆိုသူပါ လေးဦးတို့အား ရွာကောက်နယ်မြေရဲစခန်းမှ ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကလောမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက သက်သေများနှင့်အတူ ကလောမြို့နယ်၊ ကျောက်တန်းကျေးရွာနေ စိန်ညွန့်(ခ)သန်းထွန်းဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၂၂၂၀၀ ၊ ဘိန်းဆီခဲ အလေးချိန် ၁ ဒသမ ၃ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိန်ညွန့်(ခ) သန်းထွန်း(၆၁)နှစ်ဆိုသူအား ကလောမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေး

**ဂန့်ဂေါ ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁ ရက် နံနက်ပိုင်းမှစတင်၍ မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ဂန့်ဂေါ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် မွေးစမှအသက်ငါးနှစ်အောက်ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ကာကွယ်ဆေး၊ ပိုလီယိုအကြောသေကာကွယ်ဆေး(သောက်ဆေး၊ ထိုးဆေး)၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေးများကို ကလေးများ၏ အသက်အရွယ် အပိုင်းအခြားအလိုက် သတ်မှတ်အကြိမ်ရေအတိုင်း ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့-မေးခိုင် ကာကွယ်ဆေးများကို ထိုးနှံပေးခြင်းဖြစ်သည်။



အဆိုပါ ကာကွယ်ဆေးများ ထိုးနှံရာသို့ ဂန့်ဂေါမြို့ပေါ် ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ အနောက်ဂန့်ဂေါ၊ ပျား၊ အုတ်လှ၊ တောင်ပြင်၊ လုံဟော၊ ဇီးပြား၊ ရောင်နက်၊ ပြစ်မ၊ စိုင်ဒူး၊ ခေါင်းတုံ၊ လက်ပန်၊ ဘော်ပြင်း၊ သာလင်း၊ တောင်ယာပြင်၊ တောင်ခင်ရန်း၊ ရွှေတောင်နှင့် ကန်ကျေးရွာများမှလည်းကောင်း၊ ထီးလင်းမြို့နယ်အတွင်းရှိ ရေမျက်နီ၊ ပြင်ဘ၊ အုံးနှောက်၊ ရော်ဖြူပင်၊ ကျောချောင်း၊ မျက်မြောင်၊ ဇင်းဇယ်နှင့် ကျူတာကျေးရွာများမှ လည်းကောင်း ကာကွယ်ဆေးများ လာရောက်၍ ထိုးနှံခဲ့ကြသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၁) ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဩဂုတ် ၁ ရက်မှ ၅ ရက် အထိ နံနက် ၈ နာရီမှ ၁၂ နာရီထိ လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ လည်းကောင်း ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်မျိုးမင်း**

# ဘုရားပူးလေ့လာရေး လာရောက်သူများ စိတ်ချမ်းမြေ့စွာ ဘုရားပူးမြော်နိုင်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ညောင်ဦး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလေ့လာရေး လာရောက်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရေး သန့်ရှင်းရေးပြုလုပ်ခြင်းကို ဩဂုတ် ၁ ရက် နံနက် ၇ နာရီက အာနန္ဒာဘုရားအနီး ဖောင်တော်ဦးဘုရား၊ သရပါတံခါးအနီးနှင့် တဘက်ကျဘုရားပတ်ဝန်းကျင်တွင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲညွှန်ကြားရေးမှူး ဦးညီမွန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ ညောင်ဦးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဆုပိုင်တို့၏ ဦးဆောင်မှုဖြင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ဖောင်တော်ဦးဘုရား၊ အာနန္ဒာဘုရား၊ တဘက်ကျဘုရားနှင့် သရပါတံခါးပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင်အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းပြီးသားပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများအား စည်ပင်သာယာရေး အမှိုက်ကျင်းသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး မြို့နယ်အဆင့် အသိပေးဟောပြောပွဲကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ရေကြည်ရေသန့်တွင် ပေါက်ပွားသည့် ခြင်ကျားကိုက်ခြင်းဖြင့် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းနိုင်ရန် ပြည်သူလူထုသို့ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားတာဝန်ခံ ဦးကျော်သူအောင်က သွေးလွန်တုပ်ကွေးရောဂါ၏ လက္ခဏာများနှင့် ခြင်ကျားမပေါက်ပွား ရအောင် သန့်ရှင်းရေး ဆောင်ရွက်ရန် အချက်များ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများအားရှင်းလင်းပြီး ခြင်မဖြစ်ပွားမီခြင်လောက်လမ်း ဘဝကပင် ကြိုတင်ကာကွယ်နှိမ်နင်းမှသာ မိသားစုတိုင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ တောင်တွင်းကြီးမြို့နယ်ရှိ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

# မိုင်းဆတ်မြို့၌ အသက် ၂၃ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိုင်းဆတ် ဩဂုတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဖလား အသက် ၂၃ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီက အောင်ဇေယျဘက်စုံ အားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်က အမှာစကားပြောကြား၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားအဓိဋ္ဌာန် ရွတ်ဆိုပြီး Lion FC အသင်းနှင့် Mong Khoke FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Lion FC အသင်းက လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ဘောလုံးအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**ယဉ်ယဉ်ဝင်း**

၀-၀-၀-၀-၀



# ခရိုင်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လားရှိုး ဩဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ခရိုင်သစ်တောဦးစီးဌာနမှ သစ်တောပြုန်းတီးမှု မဖြစ်ပေါ်စေရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း အပူချိန်လျော့ကျလာစေရန်နှင့် ဒေသခံပြည်သူ များ သစ်ပင်စိုက်ပျိုးလိုစိတ်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ခရိုင်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁ ရက်က ထင်းရှူးတောင်၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်ကျော်က သစ်ပင်များရှင်သန်အောင် စနစ်တကျစိုက်ပျိုးနည်းစနစ်များအား သရုပ်ပြရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့် ပျိုးပင်များအား ပေးအပ်ရာ တက်ရောက်လာကြသူများက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထင်းရှူးပင် စုစုပေါင်း ၃၂၀ ပင်အား စနစ်တကျစုပေါင်းစိုက်ပျိုးခဲ့သည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုအသင်း၊ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှမော်(ပြန်/ဆက်)**

၀-၀-၀-၀-၀

ဥတုရာသီ တောက်ပမှီ၏




## ဆာလာကို ခေါ်ယူရန် ထရက်ဇွန်စပေါ်အသင်း ကမ်းလှမ်း



**လန်ဒန် ဩဂုတ် ၂**

တူရကီကလပ် ထရက်ဇွန်စပေါ်အသင်းသည် လီဗာပူးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဆာလာကို တစ်ပတ်လုပ်ခလစာငွေ ယူရို ၃၂၅၀၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၄၂ ပွဲ ကစားပြီး ၂၅၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ထရက်ဇွန်စပေါ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာကိုယ်တိုင်ကလည်း ထရက်ဇွန်စပေါ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ထရက်ဇွန်စပေါ်အသင်းအနေဖြင့် အသင်းလက်မဲ့ဖြစ်နေသော တိုက်စစ်မှူး ဆာလာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဝဲလ်ဘက်ကို ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂**

ချဲလ်ဆီးအသင်းသည် ဘရိုက်တန်အသင်း တိုက်စစ်မှူး ဝဲလ်ဘက်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချဲလ်ဆီးအသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဝဲလ်ဘက်သည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၁ ပွဲ ကစားပြီး ၅၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဝဲလ်ဘက်က 'ကျွန်တော် ချဲလ်ဆီးအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ' ဟု ပြောသည်။

(အောက်ပုံ) (NGB)






## အာဆင်နယ်အသင်းက ဂျီရိုနာအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၂**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းနှင့် စပိန်ကလပ် ဂျီရိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက ဂျီရိုနာအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၆မိနစ်တွင် ဟာဗက်ဇ်၊ ပွဲချိန် မိနစ် ၃၀ တွင် ခရစ္စတိုစ်ဖိုလစ်၊ ပွဲချိန် ၅၃ မိနစ်တွင် မက်စ်ဒေါင်မန်း၊ ပွဲချိန် ၅၅ မိနစ်တွင် ဂါဘရီယယ်ဂျီးဆပ်စ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အာဆင်နယ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၆ ရက်တွင် ဘက်တစ် အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် ဒေါ့မွန်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## နည်းပြ မာသီးယက်စ်ယိုင်ဆယ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် နယူးကာဆယ်အသင်း ဆွေးနွေး

**လန်ဒန် ဩဂုတ် ၂**

နယူးကာဆယ်အသင်းသည် အသင်းနည်းပြ အက်ဒီဟောင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ပြီးနောက် အသင်းနည်းပြသစ်အဖြစ် နည်းပြ မာသီးယက်စ်ယိုင်ဆယ်ကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိပြီ ဖြစ်သည်။

အသက်(၃၈)နှစ် အရွယ်ရှိ နည်းပြသည် လက်ရှိအချိန် အယ်လ်အာလီအသင်းကို ကိုင်တွယ်ပြီး အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးထားနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။

နည်းပြ မာသီးယက်စ်ယိုင်ဆယ် ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်လိုခြင်းကြောင့် နယူးကာဆယ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြ မာသီးယက်စ်ယိုင်ဆယ်ကို နယူးကာဆယ်အသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ) (NGB)



## နည်းပြ ဆန်တီဒီနီယာကို နည်းပြသစ်အဖြစ် ချက် လက်ရွေးစင်အသင်း ခန့်အပ်

**လန်ဒန် ဩဂုတ် ၂**

ချက်လက်ရွေးစင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဆန်တီဒီနီယာကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းကို ယာယီနည်းပြအဖြစ် ကိုင်တွယ်ဖူးပြီး၊ စပိန်ယူ-၁၇၊ ယူ-၁၉၊ ယူ-၂၁နှင့် ယူ-၂၃တို့အား ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ချက်လက်ရွေးစင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၅၂)နှစ် အရွယ်ရှိ နည်းပြ ဆန်တီဒီနီယာက 'ကျွန်တော့်ကို အခုလို နည်းပြသစ်အဖြစ် ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ (အောက်ပုံ) (NGB)



## အင်တာမီလန်အသင်းနှင့်အတူ လာမည့် ဘောလုံးရာသီသစ်တွင် အောင်မြင်မှုများ ရယူသွားမည်ဟု ဂျွန်စတုန်း ပြောကြား

**မီလန် ဩဂုတ် ၂**

နောက်ခံကစားသမားသစ် ဂျွန်စတုန်းက မိမိအနေဖြင့် လာမည့်ဘောလုံးရာသီသစ်တွင် အင်တာမီလန်အသင်းနှင့်အတူ အောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစားသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်စီးတီးအသင်းနှင့် လမ်းခွဲပြီးနောက် အင်တာမီလန်အသင်းသို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။




နောက်ခံကစားသမား ဂျွန်စတုန်းသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၅ ပွဲ ကစားပြီး ၁၉ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဂျွန်စတုန်းက 'ကျွန်တော် ဆုဖလားတွေ နောက်ထပ်ရယူဖို့ အလွန်ဆာလောင်နေသူတစ်ယောက်ပါ။ လာမယ့် ဘောလုံးရာသီသစ်မှာလည်း အောင်မြင်မှုများစွာရယူသွားမှာပါ' ဟု ပြောသည်။

အင်တာမီလန်အသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ စီးရီးအေရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၂ ရက်တွင် မွန်ဇာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Naomi Osaka တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၂**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျပန်တင်းနစ်မယ် Naomi Osaka တက်ရောက်ခဲ့သည်။



အဆိုပါ ဂျပန်တင်းနစ်မယ် Naomi Osaka သည် 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်မယ် Elisabetta Cocciaretto ကို ၄-၆၊ ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka နှင့် ဖိလစ်ပိုင်တင်းနစ်မယ် Alexandra Eala တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဂျူလီယန်ဘရန့် အေဂျက်စ်အသင်းတွင် ကျောနံပါတ် (၇၀)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂**

ဝါရင့် ကွင်းလယ်တိုက်စစ်ကစားသမား ဂျူလီယန်ဘရန့်သည် အေဂျက်စ်အသင်းတွင် ကျောနံပါတ်(၇၀)ဂျာစီကို ဝတ်ဆင် ကစားသွားမည်ဖြစ်သည်။




အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အသင်းလက်မဲ့ဖြစ်နေပြီး အေဂျက်စ်အသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဂျူလီယန်ဘရန့်သည် ကစားသမားဘဝတစ်လျှောက်တွင် လေဗာကူဆင်၊ ဒေါ့မွန်စသည့် ဘွန်ဒက်လီဂါထိပ်သီးကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အေဂျက်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်တိုက်စစ်ကစားသမား ဂျူလီယန်ဘရန့်အနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် အေဂျက်စ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

# လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ



**ပြင်ဦးလွင် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းပြုလုပ်သော 'လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း' ဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့၊ ဆင်ဖြူအင်းကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းနုဝေက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် လူသုံးကုန်ပစ္စည်းအမျိုးအစားများအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုဦးစီးဌာနမှ နည်းပြနှစ်ဦးက အဝတ်လျှော်ဆပ်ပြာပြုလုပ်နည်း၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ မျက်နှာသစ်ဆပ်ပြာပြုလုပ်နည်း၊ ဆပ်ပြာခရင်မ်ပြုလုပ်နည်း၊ ပန်းကန်ဆေးဆပ်ပြာပြုလုပ်နည်းနှင့် ရေချိုးဆပ်ပြာပြုလုပ်နည်းစသည့် ဘာသာရပ်များကို ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ သင်တန်းသူ ၂၈ ဦးအား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**သွေးသွေး(ခရိုင်၊ ပြန်/ဆက်)**

*-*-*-*-*-*-*



## စဉ့်ကူးမြို့နေပြည်သူများ စိတ်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စဉ့်ကူး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် စဉ့်ကူးမြို့နေပြည်သူများ စိတ်အေးချမ်းသာယာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၇ နာရီက စဉ့်ကူးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ ရွှေတောင်မည်းမြတ်စွာဘုရားပုရိဝုဏ်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူးထွန်းထွန်းနိုင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းတို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သောအဖွဲ့တို့က ရွှေတောင်မည်းမြတ်စွာဘုရား၏ ဘုရားစေတီတော်နှင့် ဘုရားရင်ပြင်တို့အား သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ဘုရားပုရိဝုဏ်အတွင်း၊အပြင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြက်ပင်နှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**တင်စာလွင်(ပြန်/ဆက်)**

## လူငယ်ပွဲတော် (မန္တလေး) နိုင်ငံခြားပညာသင် အခွင့်အလမ်းများနှင့် ပျော်ရွှင်ဖွယ် E Sport , Dance အစီအစဉ်များအား လူငယ်များ ပါဝင်ဆင်နွှဲ

**မန္တလေး ဩဂုတ် ၂**

လူငယ်ပွဲတော်(မန္တလေး)ကို ဩဂုတ် ၁ ရက်နှင့် ၂ ရက်များက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သိပ္ပံလမ်း Mandalay Convention Centre တွင် ကျင်းပခဲ့သည်။

လူငယ်ပွဲတော်(မန္တလေး)တွင် E Sport , Dance, Fashion , Entertainment အစီအစဉ်များ၊ တရုတ်နိုင်ငံထုတ် HONOR 600 5G Series ဖုန်းအသစ်ကိုယ်တိုင်စမ်းသပ်ပြီး Hand Feeling ကို စိတ်ကြိုက် ခံစားနိုင်မည့် အစီအစဉ်များ၊ မန္တလေးမြို့မှ ပညာရေးစိတ်ဝင်စားသော လူငယ်များအတွက် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ ဟန်ဂေရီနိုင်ငံများသို့ Scholarship အခွင့်အလမ်းများ၊ Admission Requirements နှင့် Stydy Abroad အကြောင်းများ၊ ကိုယ်နှင့် ကိုက်ညီသော တက္ကသိုလ်များသို့ တက်ရောက်ခြင်း၊ မေဂျာရွေးချယ်ပေးခြင်း၊ Student Visa လျှောက်ထားပေးခြင်းများနှင့် English Language School များသို့ တက်ရောက်နိုင်ရန် ပြသထားသည်။



လူငယ်များအတွက် ဖန်တီးမှုများ၊ စိတ်ဝင်စားဖွယ် Activities များ၊ ပျော်ရွှင်ဖွယ်ကောင်းသော အက၊ အလှနှင့် ဂိမ်းအစီအစဉ်များ၊ K Pop Random Dance အစီအစဉ်များ၊ Creative Carnival လူငယ်ပွဲတော်သို့ အသက် ၁၅ နှစ်မှ ၂၅ နှစ်ကြား လူငယ်များ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

## ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား ရုပ်ပုံပြ၊ ပုံပြောခြင်း အစီအစဉ်ဆောင်ရွက်



**တောင်တွင်းကြီး ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းတွင် ကျောင်းသား၊ကျောင်းသူကလေးငယ်များအား ယမန်နေ့ မွန်းလွဲပိုင်းက ရုပ်ပုံပြ၊ ပုံပြောခြင်း ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ကျောင်းသား၊ ကျောင်းသူကလေးငယ်များ အားလပ်သည့်အချိန်များတွင် စာကြည့်တိုက်သို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာကြစေရန် တိုင်းဆာ(ခ) မိုင်းသာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ရေးသားပြုစုသည့် 'သူငယ်ချင်းကောင်း' ရုပ်ပြပုံပြင်စာအုပ်အား ရုပ်ပုံပြ၊ ပုံပြောခြင်း ပြုလုပ်ဆောင်ရွက်ပေးကာ စာအုပ်ပါ အကြောင်းအရာများအား ကျောင်းသား၊ ကျောင်းသူများနှင့် ပျော်ရွှင်စွာ အပြန်အလှန် အမေး၊ အဖြေ ပြုလုပ်ခဲ့သည်။

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ကလေးစာဖတ်ခန်းတွင် ကျောင်းသား၊ ကျောင်းသူများအား စာဖတ်သည့် အလေ့အကျင့်ရရှိစေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ကြစေရန် ရည်ရွယ်၍ အားလပ်သည့်အချိန်များတွင် ရုပ်ပုံပြပုံပြင်ဖတ်ပြခြင်းနှင့် ပုံပြင်ပြောခြင်းများ၊ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို အပတ်စဉ် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

# လပတ်ပုံမှန်အစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ၈/၂၀၂၆ လပတ် ပုံမှန်အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ပါတီရုံးတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊ အတွင်းရေးမှူး ဦးစန်းမောင်၊ ဘဏ္ဍာရေးမှူး ဦးမော်ကြီး၊ မြို့နယ်ကော်မတီဝင်များနှင့် ရပ်ကွက်ကြီး ၂၀ မှ ပါတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပါတီဥက္ကဋ္ဌက မြို့နယ်နှင့် ရပ်ကွက် ပါတီကော်မတီဖွဲ့စည်းရန်အတွက် စည်းမျဉ်း၊စည်းကမ်းများနှင့် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပါတီအတွင်းရေးမှူးက ပါတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်ကော်မတီဝင်များနှင့် ရပ်ကွက်ပါတီဥက္ကဋ္ဌများက မိမိတို့ကဏ္ဍအလိုက် အသီးသီး ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၁)



## အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။



## ကျောင်းမုန့်ဈေးတန်းအား ကြည့်ရှုစစ်ဆေး ရေမော်တာတစ်လုံး လှူဒါန်း

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးသည် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊ အတွင်းရေးမှူး ဦးစန်းမောင်နှင့် ကော်မတီဝင်များလိုက်ပါလျက် ယနေ့ မွန်းတည့် ၁၂ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာရာ မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်အောင်နှင့် ဆရာမများက ကြိုဆိုကြသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်သည် ကျောင်းမုန့်ဈေးတန်းကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ရောင်းချရန်တို့ကို တာဝန်ရှိသူများနှင့် ဈေးသည်များအား မှာကြားခဲ့သည်။

ထို့နောက် ကျောင်းရုံးခန်းတွင် ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မျိုးတို့အား ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ကျောင်းဥပတိရုပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးတို့ကို မှာကြားခဲ့ပြီး ကျောင်းအတွက် လိုအပ်လျက်ရှိသော ရေတင်မော်တာတစ်လုံးအား လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(ဝ၄၁)





မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ ပရိယတ္တိသာသနဟိတအသင်းကြီးသို့ ဇူလိုင် ၃၁ ရက်က အလှူရှင် ဦးစိုးလွင်၊ ဒေါ်မြင့်မြင့်သန်း(စင်ယော်ရိပ်မွန်)မိသားစုက ငလျင်ဒဏ်ကြောင့် ပြိုကျသွားသည့် သုံးထပ်ဆောင်ထပ်မံဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က လက်ခံရယူစဉ်။ (ဝ၇ဝ)

## အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲနှင့် ပြိုင်ပွဲကျင်းပ

**တပ်ကုန်း ဩဂုတ် ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အသက် ၁၄ နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် ပြိုင်ပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အသက် ၁၄ နှစ်အောက် ကျောင်းသားအားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခဲ့ပြီး တပ်ကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ(ခေတ္တ) ဥက္ကဋ္ဌ ဦးစစ်အောင်လတ်၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်နန်းရဲနန္ဒာစိုးတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် ဘောလုံးအသင်းအုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။



ထို့နောက် တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ (ခေတ္တ) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ခံမြို့နယ်ပညာရေးမှူးနှင့် ကျောင်းပေါင်းစုံမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ပရိသတ်များအား အ.ထ.က(၁)၊ အ.ထ.က(၂) ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများက Fitness Exercise PE22 သရုပ်ပြအက၊ ရိုးမရတနာ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Bright Golden Future ကိုယ်ပိုင်အလယ်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့် အဆိုတော်များက ဂုဏ်ပြုသီဆိုဖျော်ဖြေပေးခဲ့ပြီးနောက် ရွှေမြို့အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောင်းရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသားအားကစားအသင်းတို့ ကွင်းဖွင့်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

တပ်ကုန်းမြို့နယ်တွင် အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲသို့ ကျောင်းပေါင်း ၃၃ ကျောင်း၊ ကျောင်းသားကစားသမားပေါင်း ၅၂၈ ဦး ပါဝင်၍ ပတ်လည်ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(အပေါ်ပုံ)
မြို့နယ်(ပြန်/ဆက်)

## ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့၊ ရွာသန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများ၊ လမ်းဆုံများတွင် အမှိုက်များ သိမ်းဆည်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက ရွှေရင်အေး ဘုန်းတော်ကြီးဝင်း အတွင်း၊ အပြင်၌ ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၄၂ ဦးတို့က သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး စည်ပင်သာယာအမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
ဇော်ထက်(သရက်)



## KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေး

**မိုင်းခတ် ဩဂုတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)တွင် ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ အာဟာရကျွေးမွေးရာတွင် မိုင်းခတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် အ.ထ.က မှ ဆရာမများပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရန် ကျန်းမာရေးနှင့် ညီညွတ်သော နေ့လယ်စာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
မြို့နယ်(ပြန်/ဆက်)

ကျန်းမာ
စိတ်ရွှင်
ကြည်လင်ချင်
အချိန်ရှိခိုက်
သစ်ပင်စိုက်။



## မတ္တရာမြို့ အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မတ္တရာ ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ စာပေသင်ကြားနိုင်ရေးနှင့် ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ တပ်မတော်သားများပူးပေါင်း၍ ဇူလိုင် ၁ ရက် နံနက် ၇ နာရီခွဲက အမှတ်(၂)ရပ်ကွက်ရှိ အ.ထ.က (မြို့သစ်)တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။



ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အမှိုက်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)
ရွှေရာသား

# ဝါဆိုသင်္ကန်း လှူဒါန်းချိန်ခါ မှတ်သားဖွယ်ရာ

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ်ကာလတွင် ရဟန်းတော်များအား ဝါဆိုဝါကပ် ပညတ်တော်မမူရသေးသည်ဖြစ်၍ ရဟန်းတော်တို့သည် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီစလုံး ဒေသစာရီ ခရီးလှည့်လည်ကြသည်။ ထိုအခါ သာသနာတော်တွင် ကြည်ညိုခြင်းရှိသူတို့က ရဟန်းတော်တို့သည် ဥတုသုံးပါးစလုံး စိမ်းလန်းသော မြက်၊ သစ်ပင်တို့ကို နင်းခြေကုန်လျက် အသက်ဣန္ဒြေရှိကြသော သေးငယ်သော သတ္တဝါတို့ကို နှိပ်စက်ညှဉ်းပန်းကုန်လျက် အဘယ်ကြောင့် ခရီးသွားနေကြသနည်း။ တိတ္ထိတို့သည်ပင်လျှင် မိုးကာလတွင် ကြောင့်ကြမဲ့စွာကိန်းအောင်းကြ၏။ ကြေးငှက်တို့သည်လည်း သစ်ပင်တို့တွင် အသိုက်ပြုလုပ်ကာ မိုးကာလပတ်လုံးကြောင့် ကြမဲ့စွာ နေကြကုန်၏ဟု ကဲ့ရဲ့ရှုတ်ချကြခြင်းကြောင့် ဗုဒ္ဓမြတ်စွာဘုရားက ရဟန်းတော်တို့အား ဝါဆိုဝါကပ်ခြင်းကို ခွင့်ပြုတော်မူခဲ့သည်။ သို့ဖြင့် ရဟန်းတော်များသည် ဝါတွင်းသုံးလကာလပတ်လုံး ခရီးလှည့်လည်ခြင်းမပြုကြဘဲ ပရိယတ်၊ ပရိပတ်အလုပ်တို့ကို ကြိုးပမ်းအားထုတ်တော်မူကြ၍ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်များတို့သည်လည်း ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အမှုများပြုကြရာတွင် ဝါဆိုသင်္ကန်းကပ်လှူကြသည်မှာလည်း ထူးခြားသည့် ကာလဒါနကုသိုလ်ပင်ဖြစ်သည်။ ယင်းသို့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြရာတွင် 'ဝါဆိုသင်္ကန်းဟုဆိုလျှင် ဝါဆိုသောအခါ ဝတ်ရုံသော သင်္ကန်းကို ဝါဆိုသင်္ကန်း' ဟူ၍ ထင်မှတ်နေတတ်ကြပေသည်။ ပါဠိတော်လာ မှတ်သားဖွယ်ရာ ဝါဆိုသင်္ကန်းဟူသည်မှာ ဝါဆိုရန် ဝတ်ရုံသော သင်္ကန်းမဟုတ်ဘဲ၊ ရဟန်းတော်များ ဝါတွင်းသုံးလ ဝါကပ်၍ ဝါကျိုး၊ ဝါပြတ်မရှိဘဲ နေလေ့ရှိသော ရဟန်းတော်တို့အား လှူဒါန်းအပ်သော သင်္ကန်းဖြစ်၍လည်းကောင်း၊ ဝါတွင်းသုံးလကာလပတ်လုံး သိက္ခာမညှိုးနွမ်းဘဲ နေလေ့ရှိသော ရဟန်းတို့သာ ခံယူထိုက်၍ ယင်းရဟန်းတော်တို့၏ ဥစ္စာဖြစ်သောကြောင့်လည်းကောင်း 'ဝဿဝါသိက စီဝရ' ဝါဆိုသင်္ကန်းဟု ခေါ်တွင်ကြောင်း မှတ်သားသိရှိနိုင်ကြပေသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် မြတ်ဗုဒ္ဓသတင်းသုံးတော်မူစဉ်ကာလတွင် ဖြစ်သည်။ ထိုအချိန်က မြတ်စွာဘုရားသည် ရဟန်းတော်များ ဝါဆိုသင်္ကန်းအလှူခံ၍ သုံးစွဲရန် ပညတ်တော်မမူရသေးချိန်ဖြစ်၍ ရဟန်းတော်များသည် လမ်းဆုံလမ်းခွ အမှိုက်ပုံများ၌ စွန့်ပစ်ထားသော အဝတ်စုတ်များ၊ လူသေကောင်များ၌ ရစ်ပတ်ထားသော အဝတ်များကို ကောက်ယူ လျှော်ဖွပ်ဆေးဆိုးကာ ဝတ်ရုံကြသော ပံ့သကူသင်္ကန်းများနှင့်သာ မျှတနေကြချိန် ဖြစ်သည်။ သမားတော် ဇီဝက၏ တောင်းပန်လျှောက်ထားမှုကြောင့် ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို အလှူခံခွင့်ရရှိသော ဂဟပတိသင်္ကန်းဖြစ်ပေါ်လာခဲ့ပေသည်။ ထိုမှတစ်ဆင့် အမတ်စစ်သူကြီးတစ်ဦးက စစ်ထွက်ရန် အချိန်နီးနေရာ အမှုကိစ္စများနှင့် အလုပ်ရှုပ်နေသည့်အချိန်ဖြစ်၍ ရဟန်းတော်တို့အား ဝါဆိုသင်္ကန်းအလှူခံတော်မူရန် မပင့်ဖိတ်နိုင်ခဲ့ပေ။ စစ်ထွက်ခါနီး စစ်သူကြီးမှာ ကုသိုလ်ရလို၍လည်းကောင်း၊ ယင်းကုသိုလ်၏အစွမ်းဖြင့် စစ်ပွဲတွင် ဘေးအန္တရာယ်ကင်းလို၍လည်းကောင်း ရဟန်းများထံ 'အရှင်ဘုရားတို့ ကြွတော်မူကြပါကုန် တပည့်တော်သည် အရှင်ဘုရားတို့အား ဝါဆိုသင်္ကန်းကို လှူဒါန်းပါအံ့' ဟူ၍ လျှောက်ထားပေးပါရန် အခိုင်းအစေတို့အား စေလွှတ်လိုက်ပေသည်။ မြတ်ဗုဒ္ဓသည် ဝါမှထကုန်သော (ဝါဆိုပြီးသော) ရဟန်းတို့အား ဝါဆိုသင်္ကန်းကို အလှူခံ၍ သုံးစွဲခွင့်ပြုရန် ခွင့်ပြုတော်မမူသေး၍ ရဟန်းတို့က ဝါဆိုသင်္ကန်းအပေါ် ယုံမှားတွေးတောကာ သံသယ ကုက္ကုစ္စ ဖြစ်ကြကုန်သည်ဖြစ်၍ အမတ်စစ်သူကြီး၏ ဝါဆိုသင်္ကန်းအလှူခံရန် ပင့်ဖိတ်ခြင်းကို လာရောက်အလှူခံတော်မမူပေး၍ စစ်သူကြီးက အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းကို အလှူခံရန် တမန်စေလွှတ်ပါလျက် အဘယ်အတွက် မကြွလာဘိသနည်း။ ကျွန်ုပ်သည် စစ်မြေပြင်သို့ သွားရမည်ဖြစ်၍ သေခြင်း၊ ရှင်ခြင်းကို မသိနိုင်ဟူ၍ လျှောက်ထားရာ မြတ်ဗုဒ္ဓကြားတော်မူ၍ 'ရဟန်းတော်တို့သည် အဆောတလျင် လှူအပ်သောသင်္ကန်းကို ခံယူ၍ထားခြင်းငှာ ဘုရားခွင့်ပြုတော်မူပြီ' ဟူ၍ ရဟန်းတော်တို့အတွက် ဝါဆိုသင်္ကန်းကို အလှူခံ၍ အသုံးပြုရန် ခွင့်ပြုတော်မူခဲ့ပေသည်။ ထိုသို့ ခွင့်ပြုတော်မူသော သင်္ကန်းကို အစောတလျင်၊ ရှောင်တခင် လှူဒါန်းသော သင်္ကန်းဖြစ်၍ 'အစ္စေက စီဝရ' သင်္ကန်းဟု ခေါ်ဆိုပေသည်။ ထိုအစ္စေက စီဝရ သင်္ကန်းကို -

(၁) မိမိအသက်ကို စိတ်မချသည့် စစ်မြေပြင်အရပ်သို့ စစ်ထွက်မည့်ပုဂ္ဂိုလ်

(၂) အရပ်တစ်ပါးသို့ ခရီးထွက်မည့်ပုဂ္ဂိုလ်

(၃) ဖျားနာနေသည့် ဂိလာန မကျန်းမာ လူနာပုဂ္ဂိုလ်

(၄) မွေးဖွားခါနီး ကိုယ်ဝန်ဆောင်ပုဂ္ဂိုလ်

(၅) မူလက သဒ္ဓါတရားမရှိဘဲ အသစ်သဒ္ဓါတရားဖြစ်ပေါ်လာသည့် ပုဂ္ဂိုလ် စသူတို့အား ရဟန်းတော်တို့ထံ တမန်စေလွှတ်၍လည်းကောင်း၊ မိမိကိုယ်တိုင်သွားရောက်၍လည်းကောင်း 'အရှင်ဘုရားတို့ ကြွတော်မူလာကြပါကုန်၊ တပည့်တော်သည် အရှင်ဘုရားတို့အား ဝါဆိုသင်္ကန်း လှူဒါန်းပါအံ့' ဟု အဆောတလျှင် ပင့်လျှောက်နိုင်ကြသည်တွင် 'အစ္စေက စီဝရ' သင်္ကန်းမည်ပေသည်။ ထိုမှျမက ဝဿဝါသိက - ဝါဆို သင်္ကန်းဟူ၍လည်းကောင်း၊ ဝါကျွတ်သင်္ကန်းဟူ၍လည်းကောင်း၊ အစ္စေက စီဝရ - အဆောတလျင် ရှောင်တခင်လှူဒါန်းအပ်သော သင်္ကန်းဟူ၍လည်းကောင်း အမည်အမျိုးမျိုးခေါ်နိုင်ပေသည်။ ဤသည်ကို ထောက်ရှု၍ ဝါဆိုသင်္ကန်းအား တစ်နှစ်ပတ်လုံး လှူဒါန်းနိုင်ပြီး သီးခြားသင်္ကန်းမျိုးမဟုတ်ဘဲ သင်္ကန်းကိုးထည်တွင် တစ်ထည် အပါအဝင်ပင်ဖြစ်သည်။ သင်္ကန်းကိုးထည်မှာ (၁)သင်းပိုင်၊ (၂)ကိုယ်ရုံဧကသီ၊ (၃)ဒုကုဋ်၊ (၄)အိပ်ရာခင်း၊ (၅)မျက်နှာသုတ်ပဝါ၊ (၆)ပရိက္ခရာစေဠ၊ (၇)နိသီဒိုင်၊ (၈) မိုးရေခံသင်္ကန်း၊ (၉)အမာလွှမ်းသင်္ကန်းတို့ ဖြစ်ပေသည်။ မိုးတွင်းကာလတွင် မိုးရေချိုးရန် အသုံးပြုအပ်သော သင်္ကန်းဖြစ်သောကြောင့် ဝါသိကသာဋိက စီဝရ(မိုးရေခံသင်္ကန်း)ဟုခေါ်တွင်ပေသည်။ သို့ရာတွင် ဝါဆိုသင်္ကန်းနှင့် မိုးရေခံသင်္ကန်းတို့သည် အဓိပ္ပာယ်အနေဖြင့် တူသယောင်ယောင်ရှိ၍လည်း အတူတူဟု ထင်မှတ်မှားကြပေသည်။ ကွဲပြားစေရန် ပါတိမောက်ရတနာဝင်တွင် သိက္ခာပုဒ် သီးခြားရှိကြောင်း မှတ်သားရပေသည်။

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးစဉ်အခါ ဝိသာခါ ကျောင်းအမကြီးသည် ဆွမ်းစားပင့်လျှောက်တော်မူစဉ် မြတ်ဗုဒ္ဓ၏ ကျောင်းတော်သို့ လာရောက်ပင့်လျှောက်ကြသော ဝိသာခါကျောင်းအမကြီး၏ အိမ်ဖော်မလေးဖြစ်သူမှာ အဝတ်ဗလာဖြင့် မိုးရေချိုးနေကြသော ရဟန်းများကို မြင်တွေ့ရမှ ဒီအာရာမ်အတွင်းမှာ ရဟန်းများမရှိဘဲ ဇီဝတက္ကဒွန်းတွေသာ မိုးရေချိုးနေကြသည်ဟု အောက်မေ့၍ မပင့်ဖိတ်ဘဲ ပြန်သွားခဲ့သည်။ အိမ်သို့ရောက်ရှိ၍ ဝိသာခါကျောင်းအမကြီးအား အကြောင်းစုံပြန်ပြောရာတွင် ဝိသာခါကျောင်းအမကြီးက ပညာဉာဏ်ကြီးသူဖြစ်၍ ရဟန်းတော်များ မိုးရေခံမပါဘဲ ရေချိုးနေကြခြင်းဖြစ်မည်ဟု ဆင်ခြင်၍ အိမ်ဖော်မလေးအား နောက်တစ်ကြိမ် ဆွမ်းစားချိန် ကြွရောက်ရန် ပင့်လျှောက်ခိုင်းပြန်ရာ ရဟန်းတော်များသည် ရေချိုးပြီး၍ သင်္ကန်းတော်များကို သပ္ပာယ်စွာ ဆင်မြန်းလျက် ကျောင်းတော်တွင်းဝယ် ငြိမ်သက်စွာ သီတင်းသုံးနေကြပြီးဖြစ်ပေသည်။ ဤမှျတိတ်ဆိတ်နေ၍လည်း ရဟန်းတော်များမရှိဟု ထင်မှတ်ကာ ပြန်လာရာတွင် နောက်တစ်ကြိမ် လွှတ်ပြီး လျှောက်တင်စေမှ မြတ်ဗုဒ္ဓနှင့် သံဃာတော်များ ကြွလာတော်မူကြပေသည်။ မိုးရွာပြီးစဖြစ်သော်လည်း မြတ်ဗုဒ္ဓနှင့် ရဟန်းတော်များ၏ ခြေတော်များတွင် ရေစွတ်စိုခြင်းမရှိသည်ကိုမြင်၍ ဝိသာခါကျောင်းအမကြီးမှာ အံ့သြဝမ်းသာဖြစ်ပြီး ဆွမ်းဆက်ကပ်အပြီးတွင်မှ ဆုရှစ်ပါးကို မြတ်ဗုဒ္ဓထံပါးတွင် တောင်းခံခဲ့ပါသည်။ ထိုဆုရှစ်ပါးမှာ -

(၁) အရှင်ဘုရားတပည့်တော်မသည် ရဟန်းသံဃာတော်များကို အသက်ထက်ဆုံး မိုးရေခံသင်္ကန်းလှူရပါလို၏။

(၂) ဧည့်သည်အာဂန္တုတို့အား ဆွမ်းလှူလိုပါ၏။

(၃) ခရီးသွားရဟန်းတို့အား ဆွမ်းလှူလိုပါ၏။

(၄) သူနာရဟန်းတို့အား ဆွမ်းလှူလိုပါ၏။

(၅) သူနာပြုရဟန်းတို့အား ဆွမ်းလှူလိုပါ၏။

(၆) သူနာရဟန်းတို့အား ဆေးလှူလိုပါ၏။

(၇) အမြဲယာဂုလှူလိုပါ၏။

(၈) ဘိက္ခုနီ သံဃာအား ရေသနုပ်လှူလိုပါ၏ ဟူ၍ ဖြစ်ပေသည်။

ထိုဆုရှစ်မျိုးထဲမှ ပထမဆုံးဆုအဖြစ် မိုးရေခံသင်္ကန်းကို မြတ်ဗုဒ္ဓရှင်တော်မှ ခွင့်ပြုတော်မူခဲ့ပြီး မိုးရေခံသင်္ကန်းသည် မြတ်စွာဘုရား အထွာတော်ဖြင့် အလျားခြောက်ထွာ၊ အနံနှစ်ထွာခွဲထက် မပိုရပေ။ ပိုလျှင်ပါစိတ်အာပတ်သင့်သည်ဟူ၍ ဆိုပေသည်။ ဝါဆိုသင်္ကန်းကဲ့သို့ တစ်နှစ်ပတ်လုံးလှူဒါန်းခွင့် အလှူခံခွင့်မရှိဘဲ နယုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့အထိ တစ်လမျှသာ လှူဒါန်းခွင့် အလှူခံခွင့်ရရှိနိုင်ပြီး မိုးကာလပတ်လုံး သုံးစွဲနိုင်ကြပေသည်။ ဝါဆိုသင်္ကန်းသည် စစ်သူကြီးစတင်လှူဒါန်းမှုကို အကြောင်းပြု၍ မြတ်ဗုဒ္ဓခွင့်ပြုတော်မူ၍ ပေါ်ပေါက်ခဲ့ပြီး မိုးရေခံသင်္ကန်းမှု ဝိသာခါကျောင်းအမကြီးကြောင့် ပေါ်ပေါက်လာကြောင်း မှတ်သားသိရှိနိုင်ကြပေသည်။ ဤခရီးအားဖြင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ ဝါတွင်းကာလ အကြောင်းပြု၍ ဆက်ကပ်လှူဒါန်းပြုလုပ်ကြသော ဝါဆိုသင်္ကန်းနှင့်ဆက်စပ်၍ မှတ်သားသိရှိနိုင်ကြဖွယ်ရာများကို ဗဟုသုတ အလို့ငှာ သိရှိမှတ်သားမိသမျှ ပြန်လည်ရေးသား ဖော်ပြအပ်ပါသည်။ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း၍ ရှင်လန်းဝမ်းမြောက်စွာ ကုသိုလ်တရားများ ရရှိခံစားနိုင်ကြပါစေ။

**မြင့်သိန်း(ပညာရေး)**

## အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ နှစ်ပိဿာငါးဆယ်ကျပ်သား တိုးမြှင့်ရောင်းချပေး

**မိတ္ထီလာ ဩဂုတ် ၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာခရိုင်ရုံးမှ စားသုံးသူကာကွယ်ရေးလုပ်ငန်းများအပြင် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးလုပ်ငန်းများပါ အဓိကထား ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ သက်သာချောင်ချိရေးအတွက် အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီများကို နှစ်ပိဿာငါးဆယ်ကျပ်သားနှုန်းဖြင့် ဩဂုတ် ၁ ရက် မှစတင်၍ တိုးမြှင့်ရောင်းချပေးလျက်ရှိသည်။

မိတ္ထီလာခရိုင်အနေဖြင့် ယခင်က တစ်လလျှင် စားအုန်းဆီ ပိဿာ ၆၉၃ တန် ရရှိရာမှ ယခုအခါ ပိဿာ ၈၈၈ တန်အထိ တိုးမြှင့်ရရှိသဖြင့် အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီနှစ်ပိဿာနှုန်း ဖြန့်ဖြူးရောင်းချပေးရာမှ နှစ်ပိဿာ ငါးဆယ်ကျပ်အထိ တိုးမြှင့်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ထို့သို့ စားအုန်းဆီ ဖြန့်ဖြူးရောင်းချရာတွင်လည်း စားသုံးသူပြည်သူများ အလေးချိန်မှန်မှန်ကန်ကန်ရရှိရေး၊ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရရှိစေရေးတို့အတွက် ခရိုင်စက်သုံးဆီနှင့် စားသုံးဆီများ ရောင်းချမှုကြီးကြပ်ရေးကော်မတီမှ စဉ်ဆက်မပြတ် ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မိတ္ထီလာခရိုင်အတွင်း စားအုန်းဆီဖြန့်ဖြူးရောင်းချရာတွင် လက်လီဆိုင် ၇၂ ဆိုင်မှ စာအုပ်များဖြင့် အိမ်ထောင်စု ၁၉၇၀၈၁ စုနှင့် ဝန်ထမ်း ၂၀၀၀၀ ကျော်အား ခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ကျေးရွာများသို့ မော်တော်ယာဉ်များဖြင့် သွားရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ) (၄၆၉)



## အခြေခံပညာအလယ်တန်းကျောင်း(ပါဆန်း)၌ လူငယ်စကားဝိုင်း ကျင်းပ

**မိုင်းဖြတ် ဩဂုတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် စာဖတ်ရိုန်မြှင့်တင်ရေးနှင့် ကျောင်းသားလူငယ်များ နှုတ်မှုစွမ်းရည်များ မြင့်မားလာစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ပါဆန်း)၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစံလှိုင်းရှုံ့တစ်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် (Grade-9) ကျောင်းသား၊ ကျောင်းသူများက ဗဟုသုတရရှိလိုက စာကြည့်တိုက်သို့ သွားကြစို့၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်ပညာရေး၊ ယနေ့လူငယ်များ၏ အခန်းကဏ္ဍစသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး စကားဝိုင်းအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ဆက်လက်၍ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## လူငယ်ရေးရာ အသိပညာပေးပြပွဲ ကျင်းပ

**မြို့သစ် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်နှင့် အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ လူငယ်များအတွက် စာဖတ်ရိုန်မြှင့်တင်ရေးအသိပညာပေး စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲတွင် ကျောင်းသား၊ ကျောင်းသူများအား အသိပညာရရှိစေမည့် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နိုင်ရေးအတွက် မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲမိခြင်းကြောင့်ရရှိမည့် စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ မူးယစ်ဆေးဝါးစတင်မသုံးစွဲမိစေရန် ကျောင်းသားလူငယ်များ သိရှိလိုက်နာသင့်သည့် အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ ပါဝင်သည့် အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဩဂုတ် ၂**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးခြင်းကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လှည့်လည်ငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ငှားရမ်းပေးခဲ့သည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၀၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တ တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံစေကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများအား စာပေအလွယ်တကူဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ စာဖတ်သူများ လက်ဝယ်အရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း သုတ၊ ရသ၊ စာအုပ်များကို မည်သူမဆိုအခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**






ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ကျမ်းဂန်လာဘိ စာ,အရှိ

* ရောဂါတွေ စုံလင်လှ
ခေတ်ကာလ အမှန်ပါ။
တို့တွေရယ် ထိန်းချုပ်ထား
ကြိုးစားလိုက်နှာ ။
အစားအသောက် ဆင်ခြင်ကာ
မတည့်တာ ရှောင်ကြဉ်ပေး ။
တည့်တာကို ရွေးစားသုံးလို့
သက်ဆုံးတိုင်လေး ။

* လူတိုင်းကွယ် ကျန်းမာရေး
ကြံဆတွေး နေထိုင်ပါ ။
ကျန်းမာလျှင် လုပ်သမျှ
မုချအောင်မှာ ။
ဘုရားဟော ဒေသနာ
ကျန်းဂန်လာ စာ, အရှိ ။
ထာဝစဉ်ဦးနှောက်ထဲသို့
စွဲမြဲအသိ ။

* အရာရာ အမြဲသတိ
ပြုကျင့်မိ အလုပို ။
ခန္ဓာကိုယ်ကြံ့ခိုင်ရေး
အလေးထားလို ။
အောင်မြင်မှု ပန်းတိုင်ကို
မြတ်စာဆို အရောက်လှမ်း ။
အသိတွေ ပေးဝေကြလို့
(အိုကွယ်)
နေ့၊ ည ကြိုးပမ်း ။ ။

ဇေဂျမ်းရွာကျောင်းအိုသား

## ရေချိုတာရေး နည်းလမ်းများ

* ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
* ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
* အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
* အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
* ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၈)တစ်ဆက် တစ်စပ်တည်း တည်ရှိသည့် ဦးပိုင်နံပါတ် (၁၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးရွှေပို အမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်(၁၀+၁၁+၁၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅+၀ ဒသမ ၀၂၇၅+၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရောက်ဆုံ(ခ)ဒေါ်ထွေးထွေးခိုင်(ဘ)ဦးရန်ကျောင်း(၁၃/လရန(နိုင်)၀၆၁၀၇၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၃၀)၊ ဦးပိုင်အမှတ်(၇၁)ဟု ခေါ်တွင်သော ဧရိယာ(၆၀×၄၀)ပေ အကျယ်အဝန်းမှာ ဦးအောင်အောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ တောင်ဘက်အစွန်ဆုံး(၁၅×၄၀)ပေ ကျယ်ဝန်းသော မြေကွက်၏ မြောက်ဘက်ကပ်လျက်(၁၅×၄၀)ပေ ကျယ်ဝန်းသော မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အာရ်စီ(၁)ထပ် အဆောက်အဦအပါအဝင် ရေ+မီး အစုံတို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး မိမိမှ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိပါကြောင်း မိမိလက်ရှိဖြစ်ကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်စံ(ဘ)ဦးစံငွေ(၁/မညန(နိုင်)၁၁၆၈၂၂)မှ ရောင်းချရန် ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမိုးမြင့်စိုးမှ ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ သတင်းစာတွင်ပါသည့်ရက်မှ (၁၀)ရက်အတွင်း လုံလောက်သော မူရင်းစာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးမိုးမြင့်စိုး(ဘ)ဦးရာမား | ဒေါ်မာလာဝင်းအောင် (LL.B) |
| (ခ)ဦးစိုးတင့် | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၅၀) |
| (၁၂/ကမတ(နိုင်)၀၅၁၆၇) | ၁၂၁လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၉၄၂၇၄ |

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(က) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(က/၉၈)ဟု ခေါ်တွင်သော ဧရိယာ(၆၀×၄၀) ပေ အကျယ်အဝန်းမှာ ဦးဝင်းမောင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ အကျယ်အဝန်းအနက်မှ အရှေ့ဘက်ခြမ်း(အရှေ့အနောက်မျက်နှာပွင့်-၃၀ပေ၊ တောင်မြောက်-၄၀ပေ)ကျယ်ဝန်းသော မြေကွက်အလွတ်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး မိမိမှ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိပါကြောင်း မိမိလက်ရှိဖြစ်ကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ဘဏ်ထွန်း(ဘ)ဦးကျော်နိုင်(၉/ခအဇ(နိုင်)၀၂၃၉၁၆)မှ ရောင်းချရန် ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရဲအောင်ဟိန်း(ဇနီး)ဒေါ်စံပါယ်ဝင်းတို့မှ ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ သတင်းစာတွင်ပါသည့်ရက်မှ (၁၀)ရက်အတွင်း လုံလောက်သော မူရင်းစာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

| လွှဲအပ်ညွှန်ကြားသူများ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးရဲအောင်ဟိန်း(ဘ)ဦးကျော်လွင် | ဒေါ်မာလာဝင်းအောင် (LL.B) |
| (၅/အရတ(နိုင်)၀၅၄၁၆၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၅၀) |
| ဒေါ်စံပါယ်ဝင်း(ဘ)ဦးစိန်ဝင်း | ၁၂၁လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ တမ္ပဝတီရပ်ကွက်၊ |
| (၉/အမဇ(နိုင်)၀၀၆၆၃၉) | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၉၄၂၇၄ |

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း Grade-4 တွင် ပညာသင်ကြားနေသော မောင်မင်းခန့်ဇော်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်လင်းခန့်ဇော် ဖြစ်ပါကြောင်း။

**မောင်လင်းခန့်ဇော်(ဘ)ဦးဇော်မျိုးလင်း**

## မိဘအမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အ·ထ·က(၈) Grade(10) မှ မနှင်းအိဝင်း၏ မိဘအမည်မှန်မှာ ဦးမင်းမင်းထွန်း(၉/မနတ(နိုင်)၁၀၁၆၄၇)၊ ဒေါ်ညွန့်ညွန့်စိန်(၉/အမဇ(နိုင်)၀၁၈၁၅၃)ဖြစ်ပါကြောင်း။

**ဦးမင်းမင်းထွန်း၊ ဒေါ်ညွန့်ညွန့်စိန်**

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၁)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော တပ်ကြပ်ကြီး ကိုကိုလေး အမည်ပေါက်ဂရန်မြေကွက်နှင့် ပတ်သက်၍အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမျိုးမြတ်ဦး(ဘ)ဦးပေါက်ချင်ယွေ့(ခ)ဦးဟန်ရွှေ(၉/ခမစ(နိုင်)၀၄၃၇၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

Office- အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။
ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029
ladylawyer.khinninisoe@gmail.com

## မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၆ဂ၀)၊ ဦးပိုင်အမှတ်(၂၅-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၈၃)ဧက အကျယ်အဝန်းရှိသော ဦးစိုင်းအောင်ညွန့် အမည်ပေါက်ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်အဆောက်အဦ၊ အဝီစိတွင်း၊ ရေမီတာ၊ လျှပ်စစ်မီတာ(၂)လုံး (ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၃၁-၁၀-၂၀၂၃)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါအမှတ်(၉၄၄၅/၂၀၂၃)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးဇော်ဝင်း(ဘ) ဦးလှရွှေ(၉/မရမ(နိုင်)၀၀၅၄၅၈)၊ (၂) ဒေါ်သိန်းမြင့်မြင့်(ဘ)ဦးလှရွှေ(၉/မရမ(နိုင်)၀၃၈၇၂၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

Office- အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။
ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029
ladylawyer.khinninisoe@gmail.com

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ ဦးပိုင်နံပါတ်(၅၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကြည်နိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝါဝါ(ဘ)ဦးငွေလင်း(၅/ဟမလ(နိုင်)၀၆၈၄၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန်(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း(LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး(LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်လှလှဆွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ငွေးငွေးအောင်(ဘ)ဦးမြင့်မောင်(၉/ခမစ(နိုင်)၀၀၄၂၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန်(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း(LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး(LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)တွင် တည်ရှိသော ဦးပိုင်အမှတ်(၈၆)အတွင်းမှ အရှေ့ဘက်ခြမ်းပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးခင်ဆွေ(၉/မရတ(နိုင်)၀၆၀၉၄၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**အိမ်အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**09-2070007 , 09-792070007 , 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၈)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးမောင်ကြီး(၁၂/လမတ(နိုင်)၀၁၈၈၆၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**အိမ်အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**09-2070007 , 09-792070007 , 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၂)၊ ဦးပိုင်နံပါတ် (၂၄-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀.၀၁၄)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဇင်ဟိန်း(ဘ)ဦးအင်းယား(၉/ပကခ(နိုင်)၀၃၉၅၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း(LL.B , LL.M , D.B.L) ဒေါ်မာမာဌေး(LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၁)၊ ဦးပိုင်နံပါတ် (၁၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀.၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်ညွန့်ညွန့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ လွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်သူစိုး(ဘ) ဦးဘဌေး(၉/မရတ(နိုင်)၁၂၆၃၈၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း(LL.B , LL.M , D.B.L) ဒေါ်မာမာဌေး(LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း တက်ရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းဝင်သက်တမ်း(၁)နှစ်ပြည့်ပြီးသူ အသင်းသားများ အမှုဆောင်အဖြစ် ပါဝင်အရွေးခံကြပါရန်နှင့် အမှုဆောင်လျှောက်လွှာအား (၁၄-၈-၂၀၂၆)ရက် နောက်ဆုံးထားပေးပို့ကြပါရန်လည်း လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်** | – | **(၂၈-၈-၂၀၂၆)ရက်၊ သောကြာနေ့** |
| **ကျင်းပမည့်အချိန်** | – | **နံနက်(၁၀း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ** |
| **ကျင်းပမည့်အကြောင်းအရာ** | – | **နှစ်ပတ်လည်အသင်းသားစုံညီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ခြင်း** |
| **ကျင်းပမည့်နေရာ** | – | **'အမေ့လက်ရာ' အဆင့်မြင့်မြန်မာ့ရိုးရာ စားသောက်ဆိုင်ခန်းမ မြို့ပတ်လမ်းနှင့် ၃၃လမ်းထောင့်၊ မန္တလေးမြို့။** |

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**မန္တလေးတိုင်းဒေသကြီး**

**ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၀)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ ဒသမ ၀၂၆၅)ဧက အကျယ်အဝန်းရှိသော ဒေါ်စောရီ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးခင်မောင်ကြီး(ဘ)ဦးလှအိုး(၉/မနမ(နိုင်)၀၁၈၉၃၃)၊ (၂) ဦးခင်မောင်ထွန်း(ဘ)ဦးလှအိုး(၉/မနမ(နိုင်)၀၂၉၁၁၇)၊ (၃) ဒေါ်စန်းစန်းယု(ဘ)ဦးလှအိုး(၉/မနမ(နိုင်)၀၀၆၂၃၉)၊ (၄) ဒေါ်ခင်အေး(ဘ)ဦးသန်း(၉/မနမ(နိုင်)၀၆၆၁၇၄)၊ (၅) ဦးသက်ဝေဦး(ဘ)ဦးခင်မောင်ညွန့်(၉/အမဇ(နိုင်)၀၄၁၃၀၆)၊ (၆) ဒေါ်နီနီထွေးလှိုင်(ဘ)ဦးခင်မောင်ညွန့်(၉/အမဇ(နိုင်)၀၅၆၀၅၆)၊ (၇) ဒေါ်ခင်ခင်ထွေးလှိုင်(ဘ)ဦးခင်မောင်ညွန့်(၉/အမဇ(နိုင်)၀၈၅၄၅၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၇)၊ ဦးပိုင်အမှတ်(၈-က)၊ ဧရိယာ(၀ ဒသမ ၀၁၉၄)ဧက အကျယ်အဝန်းရှိသော ဦးအီဆို အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ (၂)လုံး (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအီဆို(ဘ)ဦးအမ်ပရာဆပ်(၁/ဝမန(နိုင်)၀၄၀၉၈၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အင်းလေးဒေသ၌ Bio Septic Tank များ အစားထိုးသုံးစွဲရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အမှိုက်များစွန့်ပစ်ခြင်းနှင့် ကျန်းမာသန့်ရှင်းရေးအတွက် အိမ်သာသုံးစွဲရာတွင် တိုက်ရိုက်အညစ်အကြေး စွန့်ပစ်ခြင်းတို့အစား ပိုမိုကောင်းမွန်သောစနစ် Bio Septic Tank များ အစားထိုးသုံးစွဲနိုင်ရေးကို ဒေသခံများနှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် အင်းလေးဒေသရှိ ဟဲယာရွာမကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၅ ရွာတွင် စုပေါင်းရေပေးရေးလုပ်ငန်း၊ အင်းလေးဒေသတွင်းရှိ ငလျင်ဘေးသင့်ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ Bio Septic Tank များ ပြောင်းလဲသုံးစွဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ထိုသို့သွားရောက်စဉ် ဟဲယာရွာမကျေးရွာ၌ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အင်းလေးကန် ရေရှည်ထိန်းသိမ်းရေးအတွက် Bio Septic Tank များ အစားထိုးသုံးစွဲခြင်းကဲ့သို့ ပိုမိုကောင်းမွန်သောစနစ်များကို အိမ်ထောင်စုတစ်စုချင်း၊ ကျေးရွာတစ်ခုချင်း ပြည်သူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ ဌာနအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ထည့်သွင်းဆွေးနွေးမှာကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ညောင်ရွှေမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း(Smart Village) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာများအတွက် စီမံကိန်းထောက်ပံ့ရန်ပုံငွေများအား ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ခရီးစဉ်အတွင်း အေးသာယာမြို့၊ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ၌ ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံအပ်ချုပ်စက်သင်တန်းမှ သင်တန်းသူများကိုလည်း သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြို့ပေါ်ရပ်ကွက်အချို့၌ ရေများဝင်ရောက်



**တာချီလိတ် ဩဂုတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ဇူလိုင် ၃၀ ရက်မှ ၃၁ ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တောင်ကျရေများ စီးဆင်းလာကာ မြို့ပေါ်ရပ်ကွက်အချို့ရှိ မြေနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်ကျရေများ စီးဝင်လာမှုကြောင့် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာလော့ရပ်ကွက်ရှိ လမ်းအချို့၊ မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားအနီး ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမရှိ နဂါးနှစ်ကောင်ကျောင်းရှေ့၊ ဝမ်ကောင်းရပ်ကွက်ရှိ ဘုရင့်နောင်ဈေးလမ်း၊ ဝိန်းကျောက်ရပ်ကွက်ရှိ လားဟူဈေးအနီးနှင့် မယ်ခေါင်ရပ်ကွက်ရှိ လမ်းအချို့တို့တွင် ရေဝင်ရောက်ခဲ့သဖြင့် ယာယီသွားလာရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့ ပုန်းထွန်ဇလဗေဒတိုင်းတာရေးစခန်း၏ ဇူလိုင် ၃၁ ရက် နံနက် ၇ နာရီခွဲ အချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေမှတ် ၄၄၀ စင်တီမီတာသို့ရောက်ရှိကာ စိုးရိမ်ရေမှတ်(အထက်) ၅၀ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်(အောက်) ၃၂ စင်တီမီတာသို့ ရေများပြန်လည် ကျဆင်းလာခြင်းကြောင့် တာလော့ရပ်ကွက်ရှိ လမ်းအချို့တွင်သာ ရေများကျန်ရှိတော့သည်။

အဆိုပါ ရေကြီးရေလျှံမှု အခြေအနေများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုး၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည့်ကြိုတင်ကာကွယ်ရေးနှင့် ကူညီကယ်ဆယ်ရေး အစီအမံများကို အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ကျော်ဇေယျာလင်း**

# Esports World Cup 2026 ပြိုင်ပွဲတွင် Yangon Galacticos အသင်း ဒုတိယရရှိ

**ရန်ကုန် ဩဂုတ် ၂**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပခဲ့သည့် Esports World Cup 2026 ၏ Mobile Legends:Bang Bang ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု Yangon Galacticos(YG) အသင်းက ဒုတိယဆုရရှိခဲ့သည်။

မြန်မာကိုယ်စားပြု Yangon Galacticos(YG) အသင်းသည် ဩဂုတ် ၁ ရက်က Grand Final ပွဲစဉ်အဖြစ် Team Sprit နှင့် Best of Seven စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ၄-၃ ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။

ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် Team Sprit အသင်းက ဆုကြေး အမေရိကန်ဒေါ်လာတစ်သန်းနှင့် ဒုတိယရရှိခဲ့သည့် Yangon Galacticos(YG) အသင်းက ဒေါ်လာငါးသိန်းရရှိမည်ဖြစ်သည်။

ယခုပွဲစဉ်သည် MLBB World Championship 2020 ဗိုလ်လုပွဲတွင် မြန်မာကလပ် Burmese Ghouls အသင်းက ဖိလစ်ပိုင်ကလပ် Bren Esports ကို ရှုံးနိမ့်ကာ ဒုတိယရရှိခဲ့ပြီး နောက်ပိုင်း ငါးနှစ်ကျော်အကြာတွင် Yangon Galacticos(YG) အသင်းက ကမ္ဘာ့အဆင့်ပြိုင်ပွဲ၏ Grand Final သို့ ဒုတိယအကြိမ်မြောက် ပြန်လည်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အစွမ်းကုန်ကြိုးစားခဲ့သော်လည်း ပရိသတ်များ မျှော်လင့်ထားသည့် ချန်ပီယံဆုကို မယူဆောင်ပေးနိုင်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်းနှင့် ခရီးစဉ်တစ်လျှောက်လုံး အားပေးဝန်းရံခဲ့ကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း Yangon Galacticos(YG) အသင်းက ၄င်းတို့၏ လူမှုကွန်ရက်တွင် ဖော်ပြခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-MESF**




# ဖာရန်တောရက်စ်ကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်း ဆွေးနွေး



**ပါရီ ဩဂုတ် ၂**

ပီအက်စ်ဂျီအသင်းသည် ဘာစီလိုနာအသင်း တိုက်စစ်မှူး ဖာရန်တောရက်စ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၇ပွဲကစားပြီး ၆၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း ဖာရန်တောရက်စ်အတွက် ပြောင်းရွှေ့ကြေး ယူရို ၅၅သန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီ အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းမှ ဖာရန်တောရက်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0

0-0-0

ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာပါရှိသည်။

